

စိတ်ကူးချိုချိုအနုပညာ

# ပါရမီစခန်း ဝညာလမ်း

မိုလ်တာရာ

(ရဲဘော်သုံးကျိပ်)






ISBN9789997114815
BTY3
9 789997 114815
3,000.00KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံး - ဇော်မောင်
၂၀၁၄၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၇၅ နန္ဒဝန်စာပေ၏ဒုတိယအကြိမ်မူ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၀၀၀ ကျပ်

၈၀၈.၈၃

ပါရမီစခန်းပညာလမ်း
ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)-ရန်ကုန်၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄။
စာမျက်နှာ ၂၂၂ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ပါရမီစခန်းပညာလမ်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပါရမီစခန်းပညာလမ်း
# ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ၁၀၈–နဝင်းကြေ | ၁ |
| ၂။ | ကျမ်းဦးပဏာမ | ၂ |
| ၃။ | စာရေးသူအမှာ | ၆ |
| ၄။ | အုတ်တွင်းဓာတ်ရင်း | ၉ |
| ၅။ | တပည့်၊ တပဲ့၊ တပန်း | ၂၄ |
| ၆။ | သီလ၊ သမာဓိ၊ ပညာ | ၃၂ |
| ၇။ | ပေါက်ဆရာ၊ ဝိဇ္ဇာ၊ မဟိဒ္ဓိ၊ အဥ္ဇာရသရှင်များ | ၄၁ |
| ၈။ | ထူး၍တတ်သည် ရူး၍မြတ်သည် | ၄၉ |
| ၉။ | အဥ္ဇာရသသခင် သိဒ္ဓိရှင်များ | ၅၇ |
| ၁၀။ | ဝိဇ္ဇာတု၊ ဝိဇ္ဇာလိမ်၊ ဝိဇ္ဇာညာများ အကြောင်း | ၆၅ |
| ၁၁။ | ခြေတော်ရင်းဝယ် | ၇၄ |
| ၁၂။ | ပညာစခန်း၊ သိဒ္ဓိစခန်းနှင့် မဂ်ဖိုလ်လမ်း | ၈၃ |
| ၁၃။ | ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ | ၉၂ |
| ၁၄။ | ဓာတ်ရင်းစခန်းမှ အတွေ့အကြုံများ | ၁၀၁ |
| ၁၅။ | မဟိဒ္ဓိအာဏာစက် | ၁၁၀ |
| ၁၆။ | အစမ်းအသပ်ပွဲနောက်မှ ရန်ကုန်သို့ | ၁၂၀ |
| ၁၇။ | ဗားမဲ့ဆရာတော်နှင့် ရသေ့ဦးအောင်၏ တပည့်တစ်ဦး | ၁၂၉ |
| ၁၈။ | အချက်ပေါ်ရင် ဇဝက်ထော်ကထွက်မယ် | ၁၃၈ |
| ၁၉။ | သံချိုဖွာ တဘောင်နိမိတ်တွေနဲ့ ရန်ဖြိုကာ အောင်အတိတ်လာပ | ၁၄၇ |


mgyoe.com

mgyoe.com


၂၀။ သံတမန်ကြီး ဦးသိပ္ပနှင့်မဟိဒ္ဓိဆရာကြီးများ ၁၅၅
၂၁။ ပေါက်ဆရာကြီး ဆယ့်ခြောက်ဦး ၁၆၄
၂၂။ ဆုကြီးပန်ပုဂ္ဂိုလ်ကြီးများနှင့် ပါရမီဆက်များ ၁၇၂
၂၃။ ပါရမီစခန်းမှ အတွင်းတိုက်၊ အပြင်တိုက် အဟန့်အတားများ ၁၈၁
၂၄။ ကျေးဇူးရှင် ဆရာကြီးနှစ်ဦး၏ ကာလသုံးပါး ၁၉၁
၂၅။ အဖေလူ၏ နောက်ဆုံးခရီးလမ်း ၂၀၄
၂၆။ ဝတ်ထွက်ပွဲ သို့မဟုတ် အတွင်းလမ်းသို့ ၂၁၃
၂၇။ အရှင်မေတ္တာယျအလောင်းတော် နတ်သားကို အမှူးပြု၍
ပို့သအပ်သော ဓမ္မဝိဇ္ဇာ မေတ္တာပို့နည်း ၂၁၉


mgyoe.com

mgyoe.com

## ၁၀၈–နဝင်းကျေ

## ရန်နိမ်၊ ရန်ကင်း၊ ရန်ခွင်း၊ ရန်နိုင်
## သိဒ္ဓိနိုင်ကျမ်းဦး၊ ဂါထာတော်ကြီး

သိရသိ့ မေ ဗုဒ္ဓသေဌော
သာရိပုတ္တော စ သီဝလိ
တိဋ္ဌန္တု ဒက္ခိဏေထေရာ
ဝါမေဝုတ္တော မောဂ္ဂလာနော
ပုရတော ပိဋ္ဌကတ္တယံ
ပစ္ဆိမေ မမ အာနန္ဒော
စတုဒ္ဒိယာ ခိဏာသဝါ
သမန္တာ လောကပါလာစ
ဣန္ဒာစေဝါ သဗြဟ္မဏာ
သဗ္ဗာ အာစရိယာ မဟိဒ္ဓိကာဝ
ဝိဇ္ဇာစရာစ ဂဏိကာ
တေသံ အာနုဘာဝေန
အန္တရာယော ဝိနဿန္တု (စမ)

(ပထမကျော် ဦးမင်မောင်ကြီး ရန်ကင်းက ဂါထာကို ဖွဲ့ဆိုပေးပါသည်။)

mgyoe.com

mgyoe.com

# ကျမ်းဦးပဏာမ

## ဂါထာတော်ကြီး အနက်

**ဗုဒ္ဓသေဋ္ဌော**–၃၁ဘုံ လွှမ်းခြုံအာဏာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ ရှိခိုးကော်ရော် ဖော်ညွှတ်တွား တရားမင်းဧကရာဇ် ဇမ္ဗူနှစ်သရဖူ အောင်သူတို့၏မိပတိ ကောင်းသိကြေညာ ခြောက်ဖြာဘုန်းရှင် ငါးအင်မာရ်အောင် ထွန်းပြောင်ပါရမီ ဆယ်လီဗလ ခြောက်ရောင်ခသည့် အနန္တကံတော် ဉာဏ်တော် ကျေးဇူးတော်တို့ဖြင့် ပူဇော်ထိုက်တော်မူအပ်သည့် ၉၉ ကုဋေသော သဗ္ဗညုတ မြတ်စွာဘုရားသခင် အပေါင်းတို့သည်၊ **မေ**–ရောဂါဘေးဒဏ် ရန်မာန်အန္တရာယ် မဖွယ်ဥပါဒ် စန်းပြတ်ကြမ္မာ သုံးဖြာကပ်ရမ်း မြူမသမ်းရအောင် ကြွမြန်းချိကာ ဘုရားတပည့်တော်၏၊ **သိရသ္မိံ**–ကိုယ်၏အထွတ် တမွတ်ဖွေချာ ဦးခေါင်းရတနာထက်တွင်၊ **တိဋ္ဌတု**–ရှင်လန်းကြည်စွာ စံကျောင်းမင်္ဂလာအဖြစ် ထာဝစဉ် သီတင်းသုံးတည်နေတော်မူကြပါစေကုန်သတည်း။

**သာရိပုတ္တောစ**–ဂုဏ်တော်ကိုးသွယ်၊ ပညာကြွယ်ထက် ဧတဒဂ်ရှင် ပေါ်လွင်ဉာဏ်ကြီး မြတ်ဂုဏ်ဟီးသည့် သားကြီးမထေရ်သခင် ရှင်သာရိပုတ္တရာအရှင် ကိုယ်တော်မြတ်ကြီးသည်၊ **မေ**–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊ **ဒက္ခိဏေ**–လက်ျာဖုံးလွှမ်း ပခုံးစွန်း၌၊ **တိဋ္ဌတု**–ကြွမြန်းစံကာ သီတင်းသုံး တည်နေတော် မူပါစေသတည်း။

**မောဂ္ဂလာနောစ**–လက်ဝဲတော်ရံ၊ တန်ခိုးလျှံ၍ ရန်ဟူသမျှ ဦးနှိမ်ချရသည့် နေလ မာတ်မှန် ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည်၊ **မေ**–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊ **ဝါမအံသေ**–လက်ဝဲဖုံးလွှမ်း ပခုံးစွန်း၌၊ **တိဋ္ဌတု**–ကြွမြန်းစံကာ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

mgyoe.com

mgyee.com

သီဝလိထေရော–မြင်မြင်သမျှ ချစ်ကြကြည့်စွာ (သဒ္ဒါဖြိုးထက် တေဒဂ်ရှင် သုံးခွင်လူနတ် ပူဇော်ထပ်၍ လာဘ်လာဘသခင် ရှင်သီဝလိဟု နှံ့သိကျော်စွာ) ရဟန္တာ အရှင်ကိုယ်တော်မြတ်ကြီးသည်၊ မေ–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင် လှမ်းကြွခြေနင်း ယာမောင်းရှင်းတွင်၊ တိဋ္ဌတု–ကြွမြန်းစံကာ သီတင်းသုံး တည်နေတော် မူပါစေသတည်း။

ဥပဂုတ္တော–မိုးသက်လေဆင် လျှပ်ပျဉ်ပြိုးပြက် တန်ခိုးစွက်၍ နှောင့်ယှက်ကြီးမာန် မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အနိုင်ရှင်းသဖြင့် မာရ်နတ်မင်းယုတ်၊ ဒူးတုပ်တောင်း ပန် ဝန်ခံညွတ်တွား တရားအောင်စည် တီးသံမြည်သည့် ရေကြည်လှိုင်းပုတ်တောင် သမုဒ်တွင် ကြေးဆင်ပြာသာဒ် ကိန်းဝပ်စံနေ ရှင်ဥပဂုတ် ရဟန္တာ မထေရ်မြတ်သည်၊ မေ–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင် လှမ်းကြွခြေနင်း စံမှောင်းရင်း တွင်၊ တိဋ္ဌတု–ကြွမြန်းစံကာ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

စိဋ္ဌတတ္တယဋ္ဌ–ခြောက်ဖြာဘုန်းလျှံ၊ သုတ္တန် ဝိနယာ ဘိဓမ္မာဟု–သုံးဖြာစုံညီ ဓမ္မစေတီအပေါင်းသည်၊ မေ–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊ ပုရတော–အရှေ့စူးစူး မျက်နှာဦး၌၊ ပုရတော–နဖူးဆံစ မုခရတနာ မြတ်အင်္ဂါတို့၌၊ တိဋ္ဌတု–ကြွမြန်းစံကာ သီတင်းသုံး တည်နေတော်မူပါစေသတည်း။

အာနန္ဒောစ–ကျော်ဟိုး၊ တေဒဂ်–မှန်ငါးချက်ဖြင့်၊ ဟောမြွက်ဒေသနာ–မြတ်ဓမ္မာ တို့ကို ပြန်ကာဟောကြား ဘုရားညီဘွား တရားဘဏ္ဍာစိုး ပွင့်ဖြိုးတေဇာ ရှင်အာနန္ဒာ ရဟန္တာကိုယ်တော်မြတ်သည်၊ မေ–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊ ပစ္ဆိမေ–တပည့်တော်၏ အနောက်ဆုံးဘက် အားမာန်ထွက်သည့် ချောဘက်ညီညာ ကျောက်ကုန်းသာတွင်၊ တိဋ္ဌတု–လှမ်းကြွညင်သာ သီတင်းသုံး တည်နေတော်မူပါစေ သတည်း။

အစ္စသာဝက၊မဟာသာဝက၊ ပကတိသာဝက များစွာသံဃာ၊ အရိယာသခင် ရှာန် ယာဉ်စိုးမိုး ကျော်ဟိုးဘဝဂ် တန်ခိုးထက်၍ ဘဝစက်သံသရာ ကျော်ကာဖြတ်ပြီး ရဟန္တာ ရှင် ကိုယ်တော်မြတ်ကြီးအပေါင်းတို့သည်၊ မေ–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြူမခရအောင်၊ စတုဒိသာ–လေးရပ်မျက်နှာ လေးဒိသာမှ စီးကာဈာန်ယာဉ် တန်ခိုးလျင် ၍၊ တိဋ္ဌတု–မေတ္တာတန်ခိုး လွှမ်းမိုးခြုံကာ သီတင်းသုံး တည်နေတော် မူပါစေသတည်း။

သဗြဟ္မဇာ လက်ညှိုးထောင်လျှင် လင်းရောင်ရှိန်ဝါ တန်ခိုးသာသည့် ဗြဟ္မာနှစ် ဆယ် ဈာန်ဝယ်ကြွယ်ခြင်း ဗြဟ္မာမင်းအပေါင်းတို့နှင့်တကွ ဂေါတမသခင် အပ်နှင်း အာဏာ သာသနာစောင့်တာဝန်ခံ ဝတီစံပါသဝသိကြားမင်းနှင့်တကွ ဒိသာလေးရပ်

mgyoe.com

စောင့်ကြပ်ကာစီး နတ်မင်းကြီးလေးယောက်ဖြစ်ကြသော ဓတရဋ္ဌ၊ ဝိရူဠ္ဍက ဝိရူပက္ခ၊ ကုဝေရ တွင်လာ နတ်ရာဇာစစ်သူကြီးတို့နှင့်တကွ မဟာသိဝ၊ မဟာပိသနိုး၊ ပရမေသွာရာ နတ်ဝိဇ္ဇာကြီးတို့သည် လည်းကောင်း နေနတ်၊ လနတ်၊ မိုးနတ် ပူဇာခေါ်သာ နတ်ရာဇာ တို့သည် လည်းကောင်း၊ ဗေဒင်လေးပုံ လွှမ်းခြုံတေဇာ ရှစ်ဖြာသောဂြိုလ်စောင့်နတ်မင်း ကြီး အပေါင်းတို့သည် လည်းကောင်း၊ လောကပါလ ဝသုန္ဓြေ သက်သေထင်ရှား နတ် အများနှင့် သိကြားကျွန်ယုံ ဝိသကြုံ မာတလိ စောင့်သိတေဇာ လူ့ရွာစောင့်နေဆူးလေ ရွှေတိဂုံ၊ ဗိုလ်တထောင်၊ မှော်ဘီ၊ မြှောက်ဆီ စမတောင် တာဝန်ဆောင်သည့် နတ်ကြီး၊ နတ်စိုး၊ ဘိုးဘိုးကြီးတို့နှင့်တကွ သူရဿတီပိဋကတ်မယ်တော်၊ ထီးချက်စောင့်မယ်တော် မဏိမေခလာမယ်တော်၊ စန္ဒီလက်ချမီး၊ ပကျော့မယ်တော်၊ အကျော်ထင်ရှား သာသနာ တော်စောင့်၊ သမ္မာဒေဝ နတ်အပေါင်းတို့သည်၊ မေ–ရောဂါဘေးရန် အန္တရာယ်ဟူသမျှ မြေမခအောင်၊ သမန္တာ–ဆယ်ရပ်ဒိသာ၊ ဆယ်မျက်နှာတို့မှ မကွာထက်ကြပ် စောင့်ကြပ် မနေး ဟစ်ကြော်ကြွေးလျက် ငြိမ်းအေး ချမ်းသာ အောင်ဆုဖြာကြပါစေကုန်သတည်း။

အနန္တောအနန္တ ငါးဝဂ္ဂဏ်ရှိ မိခင်ဖမြတ် ညွှန်းဆောင်အပ်လျက် အတတ်ပညာ သိဒ္ဓိ သာလျက် ဝဲယာတာဝန် ကျေပွန်ထမ်းဆောင် တန်ဆောင်ဆိမီး ပညာကြီးသား အင်း နည်း စမ မန္တာန်ပြ၍ အဂ္ဂိရတ်ရဲ ပြဒါးသံနှင့် ဂျွတ်မှန်စိန်ဓာတ် ပညာအပ်လျက် ကုအပ် ဆေးဝါး မန္တရားဗေဒင် ဓာတ်ဆင်ချက်ကျ သိပ္ပမကျန် ဘေးရန်ဖယ်ရှား စောင့်ငြားသာ သနာ ပါရမီဖြာလျက် ညွှန့်ရာစေပိုင် ဆောင်နိုင်ဓာတ်သွင်း အာဏာနှင်းသည့် ခေါင် မင်းဝိဇ္ဇာ မဟာဂန္ဓာရီ ဆုချီဗောဓိ ဘုန်းရှိအာဏာ ပေါက်ဆရာကြီးများ ဖြစ်တော်မူကြ ကုန်သော အရိမေတ္တေယျ အလောင်းတော်နတ်သား ဦးထိပ်ထားလျက် ဆရာတော် ဦးချမ်းလှိုင်၊ အဖေရှင်၊ ဆရာတော် ဦးတေဇ၊ လေးကြိုးကိုင် အဖေနွဲ့၊ အဖေလူ၊ ဓမ္မဝိဇ္ဇာ ကြီးနှင့်တကွ အတွင်းပထမံဆရာကြီး၊ အပြင်ပထမံဆရာကြီး ပညာဘုရင် ဦးပညာဓမ္မ သာမိ ဆရာစိုင်၊ ဆရာလှိုင်၊ ဆရာငြိမ်းတို့နှင့်အတူ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ဦးရဲသူ၊ ရှင်မထီး၊ ယက္ကန်းစင်တောင် ဆရာတော် ဦးသြဘာသ၊ သတိုးမင်းခေါင် အမှူလိုက်၊ အမှူဆောင်ပုဂ္ဂိုလ်များနှင့် ပေါက်ဆရာ ၆၅ ယောက် ၎င်းနောက် ဝိဇ္ဇာလေးပါးတို့နှင့်တကွ ဓမ္မဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ အဠာရသရှင် ထွက်ရပ်ပေါက်ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့သည် * မေ့ရောဂါ ဘေးအန္တရာယ်

* မိမိတို့လုပ်ငန်းစဉ်ဆိုင်ရာ နတ်များနှင့် ဂိုဏ်းဂဏဆိုင်ရာ ပေါက်ဆရာဝိဇ္ဇာများကို လိုအပ်သလို ထည့်သွင်း၊ ဆုတောင်းနိုင်ပါသည်။

mgyoe.com

mgyoe.com

ဟူသမျှ မြူမခရအောင် သမန္တာဆယ်ရပ်ဒိသာ ဆယ်မျက်နှာတို့မှ မကွာထက်ကြပ် စောင့်ကြပ်မနေး ဘေးရန်ဝေးအောင် ငြိမ်းအေးချမ်းသာ အောင်ဆုဖြာကြပါစေကုန် သတည်း။

**ဧတေသံ**–ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ၊ ပါရမီတော်အနန္တ နှိုင်းမရသည့် ကမ္ဘာ့သရဖူ သုံးလူ့ဆရာ ဓမ္မသင်းကျစ် တရားမင်းဖြစ်တော်မူကြကုန်သော ကိုးဆယ့်ကိုး ကုဋေသော သဗ္ဗညုတ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် မေတ္တာတော်၊ အာနုဘော်တို့ကြောင့် လည်းကောင်း၊ ကမ္ဘာမဏ္ဍိုင် ဗောဓိပြိုင်လျက် ခြောက်ဆိုင်ဂုဏ်ပါ မြတ်ဓမ္မာတို့၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် လည်းကောင်း၊ ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကြကုန်သော အရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်သီဝလိ၊ ရှင်ကစ္စည်း၊ ရှင်ဗာကုလ၊ ရှင်အနုရုဒ္ဓါ၊ ရှင်မဟာကဿဖ၊ ရှင်စုန္ဒာ၊ ရှင်အာနန္ဒာ၊ ရှင်ဥပဂုတ္တ၊ ရှင်မဟိန္ဒ အမှူးရှိသော ရဟန္တာ အရှင်မြတ်ကြီးများနှင့်တကွ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်၊ ရှစ်တန်သော အရိယာ သံဃာတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော် မေတ္တာတော်တို့ကြောင့် လည်းကောင်း၊ သိကြားဗြဟ္မာ နတ်ဒေဝါ သာသနာစောင့် နတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော် မေတ္တာတော်တို့ကြောင့် လည်းကောင်း၊ အနန္တောအနန္တငါးပါးဂိုဏ်းဝင် ဆုကြီးပန် သူတော်စင် သူတော်မြတ် ဆရာသမားကြီးများ ဖြစ်ကြကုန်သော သာသနာစောင့် မဟိဒ္ဓိအပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော် မေတ္တာတော်တို့ကြောင့် လည်းကောင်း၊ သဗ္ဗေကြွင်းမဲ့ဥဿုံအလုံးစုံကုန်သော ဘယဥပဒ္ဒဝေါတို့သည် လည်းကောင်း အနေကအန္တရာယာပိ ရောဂါဒဏ်ဆိုး အမျိုးမျိုးနှင့် လွှမ်းမိုးငြိတွယ် များစွာသော အန္တရာယ်ပေါင်းတို့နှင့်တကွ ကပ်ကြီးသုံးပါး၊ ရန်သူမျိုးငါးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ဒဏ်ဆယ်ပါး၊ နှစ်ဆယ့်ငါးပါးသော ဘေး၊ သုံးဆယ့်ခြောက်ပါးသော ကံကြမ္မာ၊ ကိုးဆယ့်ခြောက်ဖြာသော ရောဂါတို့သည် အသေသတော အသေသန အကြွင်းအကျန်မရှိသောအားဖြင့် ဝိနဿန္တုကင်းစင် လွင့်ပျောက်ကြပါစေကုန်သတည်း။ ဝိနာဿန္တု နေလရောင်လင်း မြူမှုန်ခွင်းသကဲ့သို့ ရှင်းလင်းသန့်စင် လုပ်ငန်းခွင်တိုင်း၌ ကြံလျှင်ပြီးမြောက် ခရီးရောက်ကြလျက် မပေါက်ရောက်နိုင်စွာ ဆယ်ဖြာသိဒ္ဓိ ဘုန်းရှိ ကံခိုင် စေခတ်ပိုင်စိုး အမျိုးဘာသာ ဂုဏ်ဝါလင်းမောက်၍ ထွန်းတောက် သာသနာ ကမ္ဘာလွှမ်းတော်မူကြပါစေကုန်သတည်း။

mgyoe.com

mgyoe.com

# စာရေးသူအမှာ

မေတ္တာပေါင်းကူး တံတားမှ သစ္စာလမ်းခင်းပါရစေ။ ပြည်၏ သရေရှိန်စေ့ ဆော်ဟီး ဗဟိုရ်စည်သည် မမည်သသတ် မတီးခတ်လျှင် သံလွင်မထွက် ငြိမ်သက်တည်နေ ဣန္ဒြေဖြင့် ဆော်ချေရိုက်သော် အကြောင်းပေါ်ကာ ကြွေးကြော်သံမြတ် ပဲ့တင်ခတ်၏။

ရေကြည်အေးမြ လေညင်းခသည် ကန်လှစံရှာ ပဒုမ္မာလည်း ချိန်ခါစေ့မှ ပွင့်ငုံဟ လျက် မွှေးစွန့်သာ ကိုးရပ်ဖြာ၏။

လကွယ်ညမိုက် တိမ်တိုက်မိုးမှောင် ချိန်သန်းခေါင်ဝယ် တောအုပ်လယ်၌ ချယ် လှယ်မှောင်ခိုက် အလင်းဆိုက်ရန် နဘံမိုးလယ် တစ်ပွင့်ကြယ်က ရောင်ဖွယ်တောက်ပ ညွှန်းလမ်းပြ၏။

လောကကြီးဝယ် နှစ်ဌာန နှစ်ရောင်ခြယ်ကာ အကြောင်းအနယ် ပဋိပက္ခဖြစ်နေ သည်။ အမှောင်နှင့်အလင်း၊ အရှုပ်နှင့်အရှင်း၊ အမှားနှင့်အမှန်၊ အဖြူနှင့်အမည်း ဒွန်တွဲကာ အပြစ်ကင်းစင်သော ပတ်ဝန်းကျင် အရောင်အမျိုးမျိုး သုတ်လိမ်းချယ်နေတော့သည်။

ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးတို့ ဦးထိပ်ပန်ဆင်ကာ သီလထိန်းပြီး ဘဝ ဇာတ်ငြိမ်းချင်သူတွေသည် လည်းကောင်း၊ လူငယ်ပိုင်းဖြစ်ပါလျက် ပုတီးတစ်ကုံးနှင့် ဘုရားပုထိုးစေတီများ၌ သမထဝိပဿနာ လုပ်နေသူများ များပြားတိုးတက်လာသလို နိုင်ငံခြား စာအုပ်ဘာသာပြန်များ၊ ရုပ်ပိုင်းသန်လှသော အတွေးအခေါ်များကို တယူသန် လက်ခံပြီး ယပလက်ရော၊ ရကောက်ပါ ယုတ်နေသူများကလည်း တဆူဆူတပွပွနှင့် အတွေးအခေါ်သစ်ဟု ခေါ်လောက်မည့် ဆောင်ပုဒ်ကို အတင်းတွယ်ကပ်ကာ ဘာသာ မရှိ၊ သာသနာမရှိလောကကို ရှေးရှုနေကြသည်။

mgyoe.com

mgyoe.com

ဤလောကၥ် ကောင်းသည့်အရှင်၊ မှန်သည့်ပုဂ္ဂိုလ်များ ရှိကြသည်။ စုန်းပြူးမည့် အနေဖြင့် မမှန်သော ပုဂ္ဂိုလ်တချို့ မဟုတ်သောလုပ်ရပ် အကြောင်းတရား အနည်းငယ် လည်း ပေါ်ထွက်နေပါသည်။

သို့ရာတွင် "အစစ်တစ်ခု အတုတစ်ထောင်၊ အယောင်မှာတစ်သိန်း၊ အပလိန်း အနန္တ" ဟူသော ဆောင်ပုဒ်အရ ရှုပ်ရှုပ်ပွေပွေကိစ္စများ၊ အတုအယောင်များ ယခုသော် ကြောင်ကြောင် ခေတ်စားနေကြသည်။ အရာရှိတု၊ ကျောင်းဆရာအတု၊ ဗိုလ်တု၊ ခေါင်း ဆောင်တု စသည်ဖြင့်စုံစွာ မျက်လုံးပြူးစရာ ရှုပ်ပွနေသည်။

ဤအခွင့်ကောင်းကို လက်ဝဲဝါဒီခေါ် ဘာသာမရှိသူများသည် အကြောင်းချဲ့ကာ သူတော်စင်၊ သူတော်ကောင်း၊ အနန္တော အနန္တငါးပါးဂိုဏ်းဝင်၊ ခင်ပွန်းကြီးဆယ်ပါး အပါအဝင် မဟိဒ္ဓိဂိုဏ်းတော် ဆရာကြီးများကို ရည်ညွှန်း၍ ကလောလိုက်၊ ကလောင် သရမ်းလိုက်၊ စမ်းလိုက်နှင့် ဆရာတော်တချို့မှာ ခန္တီပါရမီစခန်းကို ဖွင့်စေတော့သည်။

စာရေးသူသည် စာပေဘက်သို့ များစွာ ဂရုမပြုနိုင်၊ အာရုံမှုစိုက်နိုင်ခင် လုပ်ငန်း အတွင်းဘက်တွင် တည်ဆောက်နေရသဖြင့် သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများလို ထင် ယောင်ထင်မှားဖြစ်စေ၍ အလွန်ကြည်ညိုမှုဲ့စေမည့် ဘေးပယောဂရော ဘာသာပရောဂ များပါ ဝင်ရောက်လျက်ရှိကြောင်း ရှုတ်ချ လုပ်ကြံနေသူများ၏ သတင်းစကားများကို ကြားမိသိမိပါသည်။

ထို့ကြောင့် စာရေးသူသည် အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ဖြေရှင်း ကာ မြန်မာတစ်ပြည်လုံးသာမက ကမ္ဘာကို ရောင်ပြန်ဟပ်စေရေး အလို့ငှာ ဤပါရမီစခန်း ပညာလမ်းစာအုပ်ကို ရေးသား၍ ဆရာတော်သခင် ကျေးဇူးရှင်တို့အား အမိန့်တော် ခံပြီး အဓိဋ္ဌာန် ဝင်ရောက်ခဲ့ရပါသည်။

ကျေးဇူးရှင်သခင်မြတ် ဆရာတော်ကြီးများ၊ ပထမ ထိပ်ပိုင်းပါ ဗဟိုစည်ကဲ့သို့၊ ပဒုမ္မာ ကြာပန်းကဲ့သို့ တာဝန်ကျေပွန်သလို ညဥ့်တိုင်းအချိန်မှန် အလင်းပြသော ကြယ် ပွင့်ကဲ့သို့ အမှားနှင့်အမှန်၊ အကျိုးနှင့်အကြောင်း ဖြေရှင်းရန် တာဝန်အပ်နှင်း ခွင့်ပြုတော် မူစေပြီး စာရေးသူမဆိုင်းမတွ ဤစာအုပ်ကို စေတနာသန့်သန့် မေတ္တာပြန့်ပြန့်နှင့် ရေး သားခြင်းဖြစ်ပါသည်။

တချို့တချို့သော စာရေးဆရာ တစ်စုတစ်သိုက်တို့သည် ပါရမီခန်းဆိုင်ရာ စာအုပ် များ ရှိသည်ထက်၊ မှန်သည်ထက် ဖတ်ကောင်းအောင် ရေးကြသည်ဟု ဝေဖန်လာကြ သည်။

mgyoe.com

mgyoe.com

ကိုယ်ချင်းစာပြီး ဝေဖန်ကြသော ထိုပုဂ္ဂိုလ်တချို့ကို စာရေးသူက ကျေးဇူးအနည်းတင်ပါသည်။ အမှန်သဘောမှာ ပါရမီစခန်းစာအုပ်နှင့် အကြောင်းအရာများကို ပကတိအတိုင်းက ချဲ့ထွင်၍ မရေးသားနိုင်ပါ။ အင်မတန် ဂိုဏ်းရှောင်ရ၊ ဆင်ခြင်ရပါသည်။ တွေ့ရကြားရ၊ မြင်ကြုံရသည့်အခင်းများအနက် သာမန်လူတွေလက်ခံနိုင်အောင် ပကတိအခြေအနေ လက်လျှော့၍ ချုံ့၍ ရေးသားရကြောင်းကို စေတနာကောင်းဖြင့် သုံးသပ်၍ မေတ္တာနှင့် သစ္စာကို ရင်ဝယ်ပိုက်လျက် အမှန်အတိုင်း ဝန်ခံလိုက်ပါသည်။

ယခု ရေးသားဖော်ပြထားသည့် အချက်အလက်များမှာ အကျဉ်းချုပ်တို့ကိုလည်းကောင်း၊ တိုက်ရိုက်သဘောပြမှုပါသော အခြေခံစာရေးနည်းဖြင့် ရေးသားအပ်ပါသည်။ ခေတ်စကား၊ ခေတ်ဆောင်ပုဒ်ဝေဖန်သူထက် ဝေဖန်ခံရသူသည် ပိုမိုကြွယ်ဝသလို ပညာတိုးသည့် လောကုတ္တရာ စကားကား ပြောကြဆိုကြ အပြစ်တင် ကဲ့ရဲ့သူများ၏ ပါရမီဖြည့်ခြင်းကို အပြုံးမပျက်စတမ်း ခံရသူ ခန္တီပါရမီတွင် တိုးတက်ပါရမီပြည့်ကြပေမည်။

သို့ရာတွင် မိတ်ဆွေရော၊ ရန်သူရော၊ ချစ်သူရော၊ မုန်းသူများပါ သူတော်ကောင်းနှင့် သူယုတ်မာများ ပါဝင်သည်။ သုံးဆယ့်တစ်ဘုံသတ္တဝါဟူသမျှ ကိုယ်စိတ်နှစ်ပါးချမ်းသာ ကျန်းမာကြပါစေဟူ၍ တကယ့်စေတနာ၊ မေတ္တာ သစ္စာဖြင့် "ချစ်ရ–မုန်းရ" မည့် ပုဂ္ဂိုလ်နှစ်ဦးတို့အစား "ချစ်ရသနားရ"မည့် ပုဂ္ဂိုလ်များအဖြစ် အာရုံသွင်း မေတ္တာပို့သပါသည်။

သုံးဆယ့်တစ်ဘုံသတ္တဝါ ဟူသမျှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူကြပါစေ။

အမိုက်တရားတွေပျောက်၍ အလင်းတရား ရောက်ရှိသော်မူကြပါစေသတည်း။

mgyoe.com

mgyoe.com

# အုတ်တွင်းစာတိ်ရင်း

ဝသန်ကုန်ပျောက် ဆောင်းဘက်ရောက်စပြုသည့် သာယာသော နေ့တစ်နေ့ ဖြစ်ပါသည်။

လေပြေ ဆော်သွေးလိုက်တိုင်း အုတ်တွင်းမြို့ မိုးကောင်းဘုရား၏ တနင်္ဂနွေထောင့်၌ ရှိနေသည့် မင်္ဂလာကန်တော်အတွင်းမှ ကြည်လင်ငြိမ်သက်နေသော ရေပြင်သည် လှုပ်ရှားပုတ်ခတ်ကာ ကြာပွင့်များကို ယိမ်းနွဲ့စေသည်။

ကျေးဇူးရှင်အဖေနွဲ့သည် သုဓမ္မာဇရပ်၏မြောက်ဘက် ပြတင်းပေါက်အနီး တင်ပျဉ်ခွေကာထိုင်ရင်း လက်ဖက်ရည်ကြမ်း သောက်လျက် ဖူးတွေ့ရပါသည်။

အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ပိုင်းဖြစ်၍ မြန်မာပီသသော သျှောင်ကြီးကို ထုံးလျက် ကော်လာမပါသော အဖြူရောင် ရှပ်လက်ရှည်ကို ဝတ်ထားပြီး ချည်ချောလုံချည် အဖြူရောင်တွင် အဝါကွက်ကလေးများဖြင့် ရက်လုပ်ထားသော လုံချည် အဟောင်းတစ်ထည်ကိုဝတ်ကာ ထက်မြက်တည်ကြည်လှသော မျက်နှာဖြင့် ကျွန်တော်တို့ သားသမီးများကို ဆုံးမဩဝါဒ ပေးနေပါသည်။

ရုတ်တရက်အားဖြင့် ဤကဲ့သို့ အသားဖြူဖြူ မြန်မာချောချောသူ အဖေနွဲ့ကို သာမန်အားဖြင့် ကြည့်မိပါလျှင် ရိုသေခံ့ညားစိတ်တွေ တဖွားဖွား ပေါ်ပေါက်လာကြပေမည်။ သို့ရာတွင် ဆရာကြီး၏ ပြောပုံ၊ ဆိုဆုံးမပုံများကို နာယူရင်း တစ်နေ့ခန့် အကဲခတ်ဝေဖန်လာခဲ့ပါမူ ထိုအကဲခတ်စုံစမ်းသူပင်လျှင် ဆရာကြီး၏ ခြေရင်းကမခွာလိုသော သဒ္ဓါစိတ်ဆန္ဒများဖြင့် အဖေနွဲ့ကို ကြည်ညိုမြတ်နိုးလာကြပေမည်။ ထို့ကြောင့်လည်း ဓမ္မဝိဇ္ဇာပရိသတ်များသည် တစ်နေ့တခြား တိုးပွားရင့်ကျက်လာသလို စာတ်ဘုရားခြောက်ဆူလည်း ဖူးတွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

အဖေနဲ့ကို သုံးဆယ့်တစ်ဘုံ ဆရာကြီးဟူ၍လည်းကောင်း၊ အုတ်တွင်းဆရာကြီး ဟူ၍တစ်ဖုံ ထိုအချိန်အခါက လူသိများခဲ့သည်။

ဆလိန်ရရစ် ဆြာနှင့်ဆရာသည် ရေးပုံရေးနည်း သတ်ပုံသတ်ညွှန်း ကွဲပြားခြား နားခဲ့သလို အနက်အဓိပ္ပာယ်ကလည်း အဖြူ အမည်း ကွဲလှပေ၏။ ဆရာဟူသော ဆရရစ် ဆြာသည် ဆာယာဟူသော အရိပ်အာဝါသနှင့် ပြည့်စုံသော သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်ဒြပ်များနှင့် ပြည့်စုံသူ၊ နေပူဒဏ်မှ ကင်းလွတ်သူ၊ အရိပ်အာဝါသကို ထီးကြီး သဖွယ်၊ အအေးဓာတ်တရား အဆီအနှစ် ငြိမ်းချမ်းမှုကိုပေးနိုင်သော ပုဂ္ဂိုလ်များကို ဆရာဟူ၍ ခေါ်ကြောင်းကို အဖေနဲ့ကိုယ်တိုင်က အဓိပ္ပာယ်ဖွင့် ဩဝါဒပေးခဲ့သည်။

'ဆရာ' ဟူသော ဒုတိယ ပုဂ္ဂိုလ်တို့သည် ကျောင်းသားသူငယ်များကို ပညာသင် ကြားပေးသော ကျောင်းဆရာများလို မည်သည့်စာပိုဒ်တွင် ထည့်မည်နည်းဟု မေးလာခဲ့ လျှင် ထိုပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်၊ သီလ၊ သမာဓိ၊ ပညာနှင့် စွမ်းဆောင်မှုတို့ကို ဆုံးဖြတ် ၍ 'ဆရာ' 'ဆရာ' နှစ်ခုသောအပိုဒ်များ ကိုက်ညီသလို ခေါ်စေ၍ မှတ်သားဆုံးဖြတ်ဖို့ပင် ဖြစ်ပါသည်။ ကျွန်တော်သည် အဖေနဲ့၏ ဦးခေါင်း မျက်နှာပြင်မှစ၍ ပခုံးနှစ်ဖက်၊ ခါး၊ ခြေဆုံးအထိ မမှိတ်မသုန် ဖူးမြော်နေသည်။ ကျွန်တော့်ဆန္ဒမှာ ဘုရားပုထိုးမှစ၍ ဆင်းတုတော်များကို ပုတီးစိပ် အာရုံယူသောအခါ၌ ပရိကံနိမိတ်တော်များအဖြစ် အလွတ်ရနေအောင် လေ့ကျင့်ခြင်းလည်း ဖြစ်ပါသည်။ ထိုနောက်လည်း ကျွန်တော်၏ ကျေးဇူးရှင် အဖေနဲ့၏မျက်နှာတော်ကိုလည်း ပရိကံနိမိတ်ဖြင့် အချိန်အခါမရွေး အလွတ်ဖူးတွေ့စေရန် လေ့ကျင့်ဖူးမြော်နေခြင်းသာ ဖြစ်ပါသည်။

ခပ်လှမ်းလှမ်းမှ ပကတိတည်ငြိမ်ရင့်ကျက်သော မျက်နှာဖြင့် အဖေနဲ့ကလည်း ကျွန်တော့်အတွင်းစိတ်ဓာတ်နှင့် ဆန္ဒတို့ကို အကြွင်းမဲ့သိရှိနေသော အသိသည် အရှင် သခင် ဖြစ်သူ ပုဂ္ဂိုလ်မြတ် ပီပီနှင့် တည်ငြိမ်စွာ ဆုံးမဩဝါဒပေးနေကြောင်းကိုလည်း ကျွန်တော် သဘောပေါက်ထားပါသည်။

"ကျုပ်တပည့်တွေ၊ သားသမီးတွေဟာ ရတနာသုံးပါးကို ဘယ်သောအခါမှ မမေ့ မလျော့ကြလေနဲ့။ ဘုရားကို ယုံမှ၊ တရားတော်ကိုယုံမှ၊ သံဃာစစ် သံဃာမှန်များကို ယုံမှားသံသယတွေ မရှိလေကြနဲ့။ မိဘဆရာသမားတွေကိုလည်း ရိုသေကိုင်းညွတ်ကြ ရမယ်"

ဆက်လက်၍ ဆရာကြီးက ဩဝါဒပေးနေပါသည်။

"အထူးသဖြင့် ဆရာအတင်မမှားကြနဲ့။ ကျုပ်ကစပြီး ကျုပ်တပည့်သားသမီးတွေ အားလုံး စစ်ဆေးဝေဖန် စမ်းသပ်ပြီးမှ ဆည်းကပ်ကြ၊ နာယူကြ၊ ကန်တော့ကြ။ ဆရာ

mgyoe.com

mgyee.com

အတင်မှားရင် ဘဝဆုံးတယ်။ သံသရာတစ်လျှောက် မလွတ်တမ်းခံရတယ် မှတ်ပြီးထား။ သိပ်မကြည့်နဲ့ အဇာတသတ်ဟာ သူ့ဟာသူ မင်းစည်းစိမ်ကိုခံစားနေရင် ဒီလောက် ဘဝဆိုးရမှာ မဟုတ်ဘူး။ ရုပ်ပြကောင်းတဲ့ ဒေဝဒတ်ကို ဆရာအတင်မှားတာနဲ့ ခုအထိ ငရဲက မလွတ်သေးဘူး" ဆုံးမ ညွှန်ကြားနေပါသည်။

ကျွန်တော်သည် သတ္တိရှိရှိနှင့် ဝန်ခံရလျှင် အဖေနွဲ့ကို တွေ့စက ယခုခေတ်ရေပန်း စားနေသော သိပ္ပံနည်းကျကျနှင့် လေ့လာစုံစမ်းခဲ့ဖူးပါသည်။ တစ်ကြိမ်မက အကြိမ်ပေါင်း မရေတွက်နိုင်အောင် စိတ်ကြိုက် စိတ်တိုင်းကျ စုံစမ်းခဲ့မိသည်။ ကျွန်တော့်စိတ်ထဲမှ ကြိုတင်၍ ကြံသမျှ အကြံအစည်မှန်သမျှကို ဆုတ်မဆိုင်း မိနစ်မဆိုင်းတမ်း အဖေနွဲ့က သိရှိရုံမက ရှေ့အဖို့ ပစ္စုပ္ပန်ကာလ၌ ကျွန်တော်ကြံမည့် အကြံအစည်နှင့်တကွ ရလာဒ်များ၊ ကြုံတွေ့ရမည့် ကိန်းများကို ခပ်ပြုံးပြုံး မျက်နှာဖြင့် ကြိုတင် ဟောပြောခဲ့လေသည်။ ဆရာကြီး ကြိုတင်၍ပြောခဲ့သလို ပစ္စုပ္ပန်ဖြစ်ရပ်များမှာ မလွဲမသွေ ကိုက်ညီစွာ တွေ့ကြုံ ရပေ၏။

တစ်ကြိမ်က အဖေနွဲ့နှင့် နေစဉ်တွင် အဖေနွဲ့သည် နွေခေါင်ခေါင် ချစ်ချစ်တောက် ပူလောင်နေသော နေ့ခင်း တစ်နာရီကာလတွင် ဆရာကြီးက ကျွန်တော်တို့၏ ပူပြင်းသည့် ဒုက္ခကို မကြည့်ရက်သလို မင်္ဂလာကန်တော်အတွင်း၌ ရေခန်းခြောက်၍ ဆွေ့ဆွေ့ ခုန် ဒုက္ခရောက်နေသော ရေသတ္တဝါငါးများကို လေးလေးနက်နက် ကြည့်လိုက်ပြီး...

"မိုးရွာရင် မကောင်းဘူးလားဟေ့ အောင်တင်"

ကျွန်တော်တို့ လူစုထဲတွင် စကားပြောနေသော အဖေနွဲ့၏သား ရောင်းရင်းကို အောင်တင်ကို လှမ်း၍မေးလိုက်ရာ အဖေနွဲ့၏ သီလ သမာဓိကို ကောင်းစွာသိရှိခဲ့သူ ကိုအောင်တင်က "ကောင်းတာပေါ့ဆရာကြီး၊ သတ္တဝါတွေ အားကြီးဒုက္ခရောက်လှပြီ" ပြောကြားလိုက်ရာ ဆရာကြီးသည် ကျွန်တော်စဉ်းစားရာဘက်သို့ လှည့်၍...

"ဟေ့ ကလေး၊ ရေထမ်းရခပ်ရ သက်သာရအောင် မင်းကြိုက်သလောက် ရေပုံး တွေ၊ ရေအိုးတွေ တံစက်မြိတ်အောက်မှာ ချထားလိုက်" အမိန့်ပေးလိုက်သည်တွင် မိုး ရိပ်မိုးကဲ တစ်ချက်မှ မတွေ့ရဘဲ နွေခေါင်ခေါင်တွင် မိုးကြီး ရွာမည်ဟု ပြောနေသော ဆရာကြီး၏ စကားကို မပယ်ရှားဝံ့သဖြင့် ခပ်လေးလေး ခြေလှမ်းချပြီး ထလိုက်ရာ...

"ဘာလဲကွ။ နွေခေါင်ခေါင်မှာ မိုးရွာမယ်ဆိုတာ သံသယဖြစ်နေပြီလား။ လောက ဓာတ်ကို ပိုင်ရင်နိုင်ရင် ဘာမဆိုဖြစ်နိုင်ပါတယ်။ လုပ်စရာရှိတာတွေသာ လုပ်ပါ။ မင်း ရေချိုးချင်ရင်လည်း မျက်နှာသုတ်ပဝါနဲ့ ဆပ်ပြာခွက် အဆင်သင့်လုပ်ပေတော့"

ထပ်မံ၍ တိုက်တွန်းသောကြောင့် ခပ်သွက်သွက်ပင် ရေပုံးများ၊ ရေအိုးများကို

mgyee.com

တန်းစီ၍ ချထားလိုက်ပြီး ဆက်ပြာခွက်နှင့် မျက်နှာသုတ်ပဝါကို ဆွဲယူလိုက်ပါသည်။

အဖေနဲ့ကိုယ်တိုင် ရေလဲလုံချည်နှင့် မျက်နှာသုတ်ပဝါကို လွှမ်းကာ ဆပ်ပြာခွက်ကို ကိုင်ပြီး သုဓမ္မာဇရပ်အပြင်ဘက်သို့ထွက်ကာ ပူပြင်းလှသော ကောင်းကင်ဆီသို့ မော်၍ ကြည့်လိုက်ပါတော့သည်။

စက္ကန့်ပိုင်းအတွင်း၌ လေရော မိုးပါ အသံတွေစုဝေးထွက်လာပြီး တဝေါဝေါနှင့် မိုးရွာချပါသည်။ မိုးပေါက်များကား သေးသေးဖွဲဖွဲ မဟုတ်ပါ။ မိုးကြီးလေကြီးကျသလို တအားသွန်၍ ရွာချသော မိုးပေါက်မျိုးဖြစ်၍ ကိုးရပ်လုံးပင် တအားပင် ရွာချပါသည်။

အဖေနဲ့သည် တံစက်ကြောင်းတွင်ရပ်၍ မိုးရေများကိုချိုးလျက် စိမ်ပြေနပြေ ဆပ်ပြာတိုက်ကာ "ငါ့သား ချိုးလေကွာ၊ ဘာလို့ ငေးကြည့်နေရတာလဲ" သတိပေးလိုက်မှ ကျွန်တော်သည် အဖြေမထွက်သော စုံစမ်းလေ့လာမှုကို ချက်ချင်းရပ်ကာ အဖေနဲ့ အနီး၌ ရေချိုးလိုက်ရပေ၏။

"အလွှမ်းသင့်တဲ့အခါမှာ သင်္ကန်းဝါတွေကို ကယ်ရမယ် သားရဲ့။ ဒို့ဓမ္မဝိဇ္ဇာပါရမီ စခန်းဟာ သင်္ကန်းဝါ ကယ်တင်ရတဲ့ လုပ်ငန်းကွယ့် မှတ်ထား"

သတိပေး ပြောကြားလိုက်ပြီး ရေချိုး၍ အားရသည့် နောက်တွင် မျက်နှာသုတ် ပဝါကိုလွှမ်းကာ မိုးလုံရာ သုဓမ္မာဇရပ် လှေကားပိုင်းတွင် ရပ်နေပါသည်။

နာရီဝက်ကျော်ကျော် သဲသဲမဲမဲ ရွာချသည့် မိုးကြောင့် ရေပုံးများ၊ ရေအိုးများသာမက စည်ပိုင်းကြီးများ၌ ရေပြည့်သွားသောအခါ အဖေနဲ့သည် "တော်လောက်ပါပြီကွာ၊ မိုးတိတ်လိုက်ရအောင်" ပါးစပ်မှ ပြောပြောဆိုဆိုနှင့် သူခြုံထားသော မျက်နှာသုတ်ပဝါကို ကိုယ်မှ ခွာလိုက်ပြီး မိုးရေထဲသို့ ထွက်ကာ သုံးကြိမ်တိတိ ယမ်းခါလိုက်ရာ တစ်မဟုတ်ချင်း မိုးသည် ယတိပြတ်တိတ်သွားလေ၏။

ကျွန်တော်က အရေးတကြီးခေါင်းပြူ၍ ကောင်းကင်ဆီသို့ မော့ကြည့်လိုက်ရာ၌ ကောင်းကင်၌ မိုးသားတစ်စက်မှ မတွေ့ရတော့ဘဲ ကြည်လင်နေသလို ရာသီဥတုလည်း အအေးဓာတ်ပိုင်းသို့ ညွှန်းနေတော့သည်။ .

အုတ်တွင်းမဲကုန်းရပ်မှ တပည့်များသည် တစ်စုတစ်ဝေးကြီး အဖေနဲ့ဆီသို့ ပြေးဝင်လာပြီး ဝမ်းမြောက်ဝမ်းသာ ကန်တော့လိုက်ကြသည်။ သူတို့အားလုံးသည် အဖေနဲ့၏ သီလသမာဓိဂုဏ်ကို ကောင်းကောင်း သိရှိသူများဖြစ်၍ ယခုလည်း ထိုအချိန်အခါ မဟုတ်ဘဲ မိုးရွာခြင်း၏ အကြောင်းရင်းကို သိရှိခဲ့သဖြင့် အဖေနဲ့၏ ကျေးဇူးကို ဦးထိပ်တင်ကာ အပြေးအလွှား ရောက်လာကြောင်း ဖြစ်သည်။

"ဟဲ့... ကိုယ့်တရား ကိုယ်ခင်တွယ်ကြ၊ တရားအားထုတ်နိုင်မှ လုပ်နိုင်မှ တော်ရုံ

ကျမယ်" မှာကြားလိုက်ရာ ဦးကျော်ရင်သည်

"ဝမ်းသာလိုက်တာ ဆရာကြီးရယ် မခံမရပ်နိုင်အောင် ပူနေတုန်း၊ မိုးရွာချခိုင်းပေးတာ" အရေးတကြီးလျှောက်ထားလိုက်ရာ။

"မှတ်ထားကြပဲ့ ပူတာလဲမမြဲဘူး၊ အေးတာလဲ မမြဲဘူး၊ ဆင်းရဲတာလည်း မမြဲဘူး၊ ချမ်းသာတာလဲ မမြဲဘူးဆိုတာ အားလုံး သခ်ါရချည်းပဲ" တရားပြလိုက်ပြန်ပါသည်။

"တို့ဓမ္မဝိဇ္ဇာတွေဟာ သခ်ါရတရားကို အမြဲတမ်း လက်ကိုင်ထားရမယ်၊ သီလစောင့်စည်းရမယ်၊ မေတ္တာကို ရှေ့တန်းတင်နိုင်ကြရမယ်။ တို့တစ်တွေဟာ လူ့ကျင့်ဝတ်၊ သူတော်ကောင်း ကျင့်ဝတ်တရားရှိမှ ကမ္ဘာလောကကြီးမှာလည်း တရားရှိလိမ့်မယ်၊ ခေါင်က မိုးမလုံဘဲ ကျီးယက်တွေ မိုးရွှဲပြီး ကြမ်းပြင်တွေ စိုကုန်မှာပေါ့" ဆုံးမဩဝါဒပေးတော့သည်။

ကျွန်တော်သည် အဝတ်လဲပြီး၍ လက်ဖက်ရည်ကြမ်း တစ်ပန်းကန်ကို ငှဲ့၍ ဆရာကြီးအား ပေးလိုက်ရင်း။

"အဘ ဓမ္မဝိဇ္ဇာဆိုတာ ဘယ်လိုအဓိပ္ပာယ်ရှိသလဲ၊ တစ်ဆိတ်ရှင်းပြပါ" တောင်းပန်လိုက်ရာ။

"ဟဲ့ ဓမ္မဝိဇ္ဇာဆိုတာ လောကုတ္တရာတရားကို ပေါက်မြောက်အောင် ကျင့်ကြံအားထုတ်တဲ့ ပါရမီရှင်တွေကို ခေါ်တာကွဲ့။ ဓမ္မဝိဇ္ဇာဆိုတာ အရိယဝိဇ္ဇာပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ရဟန္တာတွေဟာ ဓမ္မဝိဇ္ဇာအကြီးဆုံး ပုဂ္ဂိုလ်တွေပဲ၊ အရိယစခန်း အရိယတရား ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်မှန်သမျှဟာ ဓမ္မဝိဇ္ဇာဖြစ်တယ်"

ပြောပြလိုက်ရာ ကျွန်တော်သည် ဗဟုသုတ အလို့ငှာ 'ဓမ္မဝိဇ္ဇာလုပ်ငန်းကို ဘယ်ခေတ်ကစပြီး မြန်မာပြည်မှာ ပေါ်ပေါက်ခဲ့သလဲ အဘရယ်' ဟု မေးသည်။

"အေး မေးတာလည်းကောင်းတယ်၊ နောင်တစ်ခေတ်မှာ ငါ့သားကိုယ်တိုင် ဓမ္မဝိဇ္ဇာလုပ်ငန်းကို ဦးဆောင်ပြီး ရှင်းလင်းပြောပြရဖို့ တာဝန်တွေလို့ ငါ သိခဲ့တယ်"

"မှတ်ထားကြ အားလုံးပရိသတ်တွေ ဓမ္မဝိဇ္ဇာလုပ်ငန်းသည် ဟိုသထုံပြည် မနူဟာမင်း လက်ထက်မှာ သီဟိုဠ်ပြည်က သာသနာပြုကြွလာတဲ့ သီဟိုဠ်ဘုရင်ကြီး၏ သားတော် ရှင်မဟိန္ဒရဟန္တာကြီး စခန်းချမှတ်၊ ပန္နက်ရိုက်ခဲ့တဲ့ လုပ်ငန်းဖြစ်တယ်" အစချီ၍ မိန့်ကြားလိုက်ပြီ။

"ဓမ္မဝိဇ္ဇာလမ်းစဉ်ဟာ ပါရမီလုပ်ငန်းလို့လည်း ခေါ်တယ်။ ထိုဓမ္မဝိဇ္ဇာထဲမှာသာလုပ်ဆောင်နေကြတဲ့ လူတွေဟာ များသောအားဖြင့် ဆုကြီးပန်တွေပဲ။ ဘုရားကြီးဆု၊ ပစ္စေကဗုဒ္ဓဘုရားငယ်ဆု၊ နားလည်အောင်ပြောရရင်ဆုပေး ဘုရားဆု၊ အဂ္ဂသာဝက၊

mgyee.com

mgyoe.com

မဟာသာဝက ဆုပန်တွေများတယ်၊ ဓမ္မဝိဇ္ဇာ လုပ်ငန်းများဟာ ဆုကြီးပန်တွေ စုဝေးရာ ဌာနကြီးဖြစ်သလို အဖျင်းဆုံးပုဂ္ဂိုလ်ဟာ ပကတိသာဝက ဆုပန်ကြတယ်။

"ဘဝထိုထို တစ်လျှောက်မှာ တောင်းထားပြီးတဲ့ ဆုကြီးတွေကို ပြန်၍ ပါရမီဆယ်ပါး အပြားသုံးဆယ် ပြည့်နေကြခြင်းဖြစ်တယ်၊ ဘဝအနမတဂ္ဂသံသရာတစ်လျှောက်က တရားလွန်ခဲ့တဲ့ဝဋ်တွေကို ချေရင်းခံရင်းနဲ့ လောကုတ္တရာတရား အားထုတ်ကြိုးပမ်းနေကြရတယ်။ ထိုဓမ္မပါရမီရှင်တွေဟာ မကြာခင် ပွင့်တော်မူမည့် အရှင်မေတ္တေယျ ဘုရားရှေ့မှောက်မှာ ခရီးရှည်သွားကြရမယ့် ဘုရားအလောင်းတွေက ဗျာဒိတ်ပန်း ဆင်မြန်းကြရတယ်။ အရှင်မေတ္တေယျ ပရိသတ်တွေကတော့ ကိုယ်တော်မြတ်ကြီးရှေ့မှောက်မှာ တရားနာကြရင်း သစ္စာလေးပါးကိုသိမြင်သွားကြသည်။ အဂ္ဂသာဝက၊ မဟာသာဝကကြီးတွေ အသီးသီး ကိုယ့်ဆုတောင်းအတိုင်း ကျွတ်တမ်းဝင်သွားကြတယ်" စိတ်ရှည်လက်ရှည်ပင် ဟောပြောသွန်သင်နေပါသည်။

အဖေနွဲ့သည် တစ်စုံတစ်ရာ သတိရပုံဖြင့် "မင်းတို့ ငါတို့ဟာ ဘဝသံသရာတွေ အများကြီးလည်ခဲ့ကြတယ်။ လူ့ဘုံ၊ နတ်ဘုံတွေမှာ နောက်ဆုံးဘဝ်တ် ရောက်ခဲ့ကြတယ်။ မြန်မာပြည်မှာလည်း တကောင်းအဘိရာဇာကစပြီး ကုန်းဘောင်ဆက်အဆုံးအထိ ရာဇဝင်တွေမှာပါသလို မပါခဲ့တဲ့ အပိုင်းကဏ္ဍတွေမှာလည်း သုံးဆယ့်တစ်ဘုံ စင်တော်ကြီးမှာတက်ပြီး ကကြရတယ်။ ဖြစ်လိုက်ပျက်လိုက်နဲ့ သင်္ခါရသဘောတရားအတိုင်း သံသရာလည်ရင်း ပါရမီတွေကို ဆည်းပူးဖြည့်တင်းခဲ့ကြတယ်။ မြန်မာဖြစ်လိုက်၊ မွန်ဖြစ်လိုက်၊ ရှမ်းဖြစ်လိုက်နဲ့ ဘဝအမျိုးမျိုးကျင်လည်ခဲ့ရတယ်။ အေးလေ အဓိက ရည်ရွယ်ချက်က ခုလိုဘဝတွေမှာ အဖျင်းဆုံး သောတပန်ဘဝကို ရောက်ဖို့ ကြိုးစားကြ"

ဟောကြားလိုက်ပြီး။

"လူ့ဘဝ မနုဿတဒုလ္လဘဆိုတာ ခဲယဉ်းတယ်။ အခါကြီးပေး ပေးတာရှိတယ်။ လူဖြစ်ဖို့ ခဲယဉ်းသလို လူဖြစ်ခဲ့ရင်လည်း သာသနာတော်တွင်း ကြုံကြိုက်ဖို့ ခဲယဉ်းတယ်။ သာသနာတော်တွင်း ကြုံကြိုက်ပါလျက်နဲ့ တရားအားထုတ်နိုင်ဖို့ ခဲယဉ်းပြန်တယ်။ တရားအားထုတ်ခဲ့ပါလျက်နဲ့လည်း မြဲမြဲစွဲစွဲ ပေါက်ပေါက်ရောက်ရောက် အားထုတ်နိုင်ဖို့လိုတယ်။ ခဲယဉ်းတယ်။

"နောင်ကျလေ၊ လူသေလူဖြစ်ဖို့ရာ သိပ်ခဲယဉ်းလှတယ်။ လူ့ပြည်ဟာ အင်မတန်မွန်မြတ်တယ်။ သုံးဆယ့်တစ်ဘုံမှာ အတုမရှိ ကျေးဇူးတော်အနန္တနဲ့ ပြည့်စုံတဲ့ ဘုရားကိုယ်တော်မြတ်ဟာ နတ်ပြည်က တွင်လားမဟုတ်ဘူး။ လူ့ပြည်စုတေပြီး လူဖြစ်မှ

mgyoe.com

ဘုရားဖြစ်ရတယ်။ ဒုက္ခ–သုခ၊ အယုတ်အမြတ် စုန်ဆန်မျောနေတယ်။ လူ့ပြည်ဟာ သာစည်ဘူတာနဲ့ တူတယ်။ သာစည်ဘူတာဟာ ရန်ကုန်ကိုလည်း ဆင်းနိုင်တယ်။ မန္တလေးကိုလည်း အတက်ခိုင်းနိုင်တယ်။ ရှမ်းပြည်ကိုလည်း သွားနိုင်တယ်။ မြင်းခြံဘက်ကိုလည်း သွားနိုင်တယ်။ လူ့ပြည်ဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သလို ငရဲခန်းကို ကျဖို့လည်း သိပ်လွယ်တယ်။ နတ်ပြည်တက်ဖို့ လမ်းရှိသလို အပါယ်လေးဘုံဆင်းဖို့လည်း လမ်းပွင့်နေတယ်။ ဒါပေမဲ့ လူနဲ့နတ်ဘက်ကို သိပ်အလာနည်းတယ်။ အပါယ်ငရဲကို အဆင်းများလှတယ်။ အပါယ်ငရဲရောက်ရင် သံသရာမဆုံးဘူး။ ဘာကြောင့်လဲဆိုရင် အပါယ်လေးဘုံမှာ ရတနာသုံးပါးမရှိဘူး။ ငါးပါးသီလ မရှိဘူး။ ဆောက်တည်ခွင့် မရနိုင်ကြဘူး။ ငရဲကပြီးရင် တိရစ္ဆာန်၊ တိရစ္ဆာန်ဘုံကပြီးရင် ပြိတ္တာဘုံ သံသရာလည်ကြတယ် မှတ်ထားကြ။

"လူချင်းတူပေမဲ့ အသက်ရှုကွဲကြတယ်။ မင်းတို့ငါတို့ဟာ မြန်မာတွေဖြစ်လာပြီး သာသနာတော်တွင်း ကြုံကြိုက်ကြလို့ ဆည်းကပ်ကျင့်သုံး နေနေကြတယ်။ အနေအထိုင်ကတော့ ဘဝအကျိုးပေးအတိုင်း နိုင်ငံခြားသားတွေနဲ့စာရင် ဆင်းရဲကြတာပေါ့။ သူတို့လို လေယာဉ်ပျံတွေ၊ ကားတွေမစီးနိုင်ကြပါဘူး။ ဒါပေမဲ့ မင်းတို့ ငါတို့ လားရာသုဂတိကတော့ အာမခံချက်ရှိနေပြီ။ အပါယ်လေးဘုံ မကျတော့ဘူး။ အနောက်နိုင်ငံကလူတွေ ကြည့်လိုက်ကြစမ်း။ မင်းတို့ ငါတို့လို လူတွေဟာ ဟိတ်ကြီး ဟန်ကြီးနဲ့။ လေယာဉ်ပျံတွေ၊ ကားတွေနဲ့ တိုက်ကြီးတွေ အထပ်သုံးလေးဆယ်နဲ့နေကြတယ်။ သာသနာတော်တွင်း မကြုံကြိုက်ရတော့ တရားမသိဘူး။ ကာမဂုဏ်နဲ့ စည်းစိမ်ကိုပဲ အဟုတ်ကြီးထင်ပြီး၊ နိဗ္ဗာန်လောက်မှတ်ပြီး ခံစားနေကြတယ်။ တစ်ဘဝ တစ်ခါစံတဲ့ အခြေအနေမှာပဲ။ ဒီဘဝပြီးလို့ လားရာသုဂတိမှာ အပါယ်လေးဘုံ တန်းနေတယ်။ သေသေချာချာ စဉ်းစားကြ၊ ငါတို့ဂေါတမဘုရား အလောင်းတော်ကြီးသည်ပင်လျှင် ဘဝအကျိုးပေးအတိုင်း ဆင်းရဲတဲ့ဘဝထင်ရတယ်။ ယုတ်စွအဆုံး ငုံးငှက်ကလေး ဘဝအထိ သုံးဆယ့်တစ်ဘုံ သတ္တဝါတွေကို ချစ်သနားလွန်းလို့ အနစ်နာခံပြီး ပါရမီဖြည့်ခဲ့တယ်။ ရှင်ဘုရင် ဖြစ်တဲ့အခါလည်း ဖြစ်တယ်။ သူတော်ကောင်းဖြစ်တဲ့ ဘဝတွေလည်း ရှိခဲ့တယ်။ ဒါကြောင့်မို့ ချမ်းသာရင်လည်း ဝမ်းမသာနဲ့၊ ဆင်းရဲရင်လည်း ဝမ်းမနည်းနဲ့ တရားနဲ့ဖြေကြပါ"

ဟောကြားလိုက်ပါသည်။

"ဘုရားဆု၊ နိဗ္ဗာန်ဆုဆိုတာ တောင်းရုံနဲ့ မပြီးဘူး။ အင်မတန် ကျင့်ကြံ ကြိုးကုတ်အားထုတ်နိုင်မှ တော်ရုံကျတာကလား။ ငါတို့ အလောင်းတော်ကြီးဟာ သုမေဓာရှင်

mgyppe.com

ရသေ့ဘဝက နိဗ္ဗာန်ကို ကူးနိုင်လျက်သားနဲ့ သတ္တဝါတွေကို ချစ်သနားခဲ့မိလို့ နိဗ္ဗာန်ကူးလက်မှတ်ကို ဖျက်ပြီး ဗောဓိဆုကြီးအတွက် ခံလိုက်ရတဲ့ဘဝတွေ ရင်မောစရာပါပဲ" လေးနက်စွာ မှတ်ချက်ချအပ်လိုက်ပါသည်။

## ၃၁–ဘုံကောင်းကင်သို့

စိမ်ပြေနပြေ ခြေလှမ်းများနှင့် ပုဂ္ဂိုလ်နှစ်ဦး အသရေလန်းသော ရွှေမန်းမြို့၏ အချက်အခြာ ရွှေနန်းတော်နှင့် ကျုံးများ၏ဘေး၌ လျှောက်ရင်း စကားတပြောပြောနှင့် လေးနက် မျက်နှာများဖြင့် တွေ့မြင်ရပေ၏။

နံနက်လေအေးကလေးက တသုန်သုန် ဆော်သွေးလိုက်တိုင်း ကျုံးဘေးမှ သရဖီပင်ကလေးများသည် လှုပ်ရှားယိမ်းနွဲ့နေပါသည်။

ဦးဆောင်သူနှင့်တူသော အရပ်မြင့်မြင့် အသားညိုညို၊ ထွားကျိုင်းသလောက် ယောက်ျားပီသလှသည့် သျှောင်တွင် အဝါရောင် ခေါင်းပေါင်းထားသည့် ပုဂ္ဂိုလ်က နန်းတော်ကိုကြည့်ကာ လေးနက်စွာ ပြောဆိုနေသည်။ သူ၏ဘေးမှ ပန်းနုရောင်ခေါင်းပေါင်းထားသည့် အရပ်မနိမ့်မမြင့်နှင့် ရုပ်ဆင်းလှသော အသားဖြူဖြူ လူရွယ်က ခေါင်းဆောင် လုပ်သူပြောဆိုမှာကြားခြင်း မှန်သမျှကို စေ့စေ့စပ်စပ် နားထောင်မှတ်သားနေပါသည်။

"မိစ္ဆာခေတ်မကုန်သေးတော့ တို့တစ်တွေ လက်ပိုက်ကြည့်နေရဦးမှာပဲ သားကြီးရဲ့၊ စောင့်ရရင်လည်း နှစ်သုံးဆယ်လောက်ပါပဲ။ တို့မြန်မာတွေ တစ်ခေတ်ပြန်ထောင်လာမှာ မလွဲသွေပါကွယ် သားရဲ့"

အရပ်မြင့်မြင့်နှင့် ပုဂ္ဂိုလ်ကြီးက ပြောကြားလိုက်ရာ။

"အဘပြောတဲ့ ဂိဇ္ဈကုဋ်တောင်က တိထွေးတွေကြီးစိုးတဲ့ မိစ္ဆာအမှောင်ကာလ မြန်မြန်ပျောက်မှ ကောင်းမယ်။ ကျွန်တော်တို့ မြန်မာအမျိုးသားတွေ ကျွန်ဖြစ်ရုံတွင်မကဘူး သာသနာလည်း မှိန်လာတယ်။ ယဉ်ကျေးမှုတွေလည်း ပျက်စီးလာပြီ အဘ"

လူရွယ်က ဝမ်းနည်းပက်လက်နှင့် ပြောလိုက်ရာ။

"သူ့အချိန်ကျရင် သူတို့တိထွေးတွေ ပျက်စီးရမှာပါသားရယ်၊ မုဆိုးဆက်တွေ ပြန်ပေါ်လာလိမ့်မယ်"

"မုဆိုးဆက်တွေ ပြန်ပေါ်လာအောင် မင်းတာဝန်ယူရမယ် မှတ်ထားကွယ့်၊ အဲဒီအချိန်က အီတာလျံ ဂျာမန်မျိုးနဲ့ပြင် မုဆိုးကျန် စနေဆက်ကယ်ဖို့ ပွဲကျူက်ကျူက်ညံ့တဲ့ မိစ္ဆာ မိစ္ဆာချင်းရှင်းတဲ့အခါမှာ တို့မြန်မာကလည်း တစ်ပွဲတစ်လမ်းဝင်ပြီး ကြဲကြဲလိမ့်မယ်

mgyoe.com

mgyee.com

သေသေချာချာ မှတ်သားထားလေတော့"

ဆရာကြီးလုပ်သူက သတိပေးလိုက်သည်။

ထိုဆရာ တပည့် နှစ်ဦးမှာ တခြားသူများ မဟုတ်ပါ။ မန္တလေး ဆရာရှင်ကြီးဟူ၍ မဟိဒ္ဓိလောကတွင် ထင်ရှားလှသော အဖေရှင်လေးကြိုးကိုင် ဆရာကြီးဖြစ်ပါသည်။ သူ၏ သားတပည့်မှာ တခြားပုဂ္ဂိုလ်မဟုတ်ပါ။ အုတ်တွင်းမြို့ အဖေနွဲ့ဟူ၍ စတင်ကာ သုံးဆယ့်တစ်ဘုံ လုပ်ငန်းတာဝန်ပေးထားသော လေးကြိုးကိုင် လောကဓာတ်လုပ်ငန်းကို ပေးအပ်ထားသူ အဖေနွဲ့ သို့မဟုတ် အဖေရှင်၏သားတပည့်ရင်း အုတ်တွင်းမြို့ မိုးကောင်းဘုရားအနီး၌ နေထိုင်သူဦးသာနွဲ့ပင် ဖြစ်ပါသည်။

လေးကြိုးကိုင်ပုဂ္ဂိုလ်ဆိုသည်မှာ လောကကြိုး၊ ဓမ္မကြိုး၊ ဓနကြိုး၊ ဇီဝကြိုး စသည့် ကြိုးလေးကြိုးအပ်ကာ စက်လေးပါးကို ကိုင်ထားသူဖြစ်ပါသည်။ သာမန်မဟိဒ္ဓိ ပုဂ္ဂိုလ်တို့သည် ဓနကြိုးတစ်ကြိုးသာရရှိပြီး အကြီးတန်းမဟိဒ္ဓိတို့တွင် ဓနကြိုးနှင့် ဆေးကုသည့် အာဏာရရှိထားပါသည်။ ကြိုးစုစုပေါင်း နှစ်ကြိုးသာ ရရှိထားပါသည်။

ထို့ကြောင့် လေးကြိုးကိုင်ပုဂ္ဂိုလ်တာဝန်ခံမှာ အင်မတန်ရှားပါးလှကြောင်းကို ကျွန်တော်သိရှိရပါသည်။ အဖေရှင်နှင့် အဖေနွဲ့တို့သည် အာဏာခန်းလေးကြိုး သာမက စမလေးလုံး အဆုံးအာဏာ ထက်မြက်လှသော ဝင်စမ၊ ထွက်စမ၊ ထိန်းစမ၊ သိမ်းစမ စသည့် လေးလုံး ပိုင်ဆိုင်ထားကြောင်းကို ကောင်းစွာ သိရှိရပါသည်။

အဖေရှင်နှင့်အဖေနွဲ့ ဆရာတပည့်နှစ်ဦးတို့သည် အကြောင်းကိစ္စထူး ရှိခဲ့သဖြင့် ရွှေမန်းမြို့သို့ တက်ရောက်ခဲ့ပြီး ဆရာတော် ဦးချမ်းလှိုင်နှင့်တွေ့ဆုံကာ ရှေ့ခရီးကို ဆက်ရန် အစီအစဉ်အရ မန္တလေး မဟာမြတ်မုနိ ဘုရားနှင့် ဦးခန္တီ၏ လုပ်ငန်းဖြစ်သည့် မန္တလေးတောင်တော် တစ်ဝိုက်သို့ လှည့်လည် လေ့လာဆည်းပူး၍ မြို့တွင်းသို့ လှည့် လည်ခဲ့ကြခြင်းဖြစ်သည်။

ဆရာတပည့်နှစ်ဦးသည် မန္တလေးရပ်ကွက် တစ်ရပ်ကွက်သို့ အရောက်တွင် အိမ်ကြိုအိမ်ကြား တစ်နေရာ၌ ထင်းပေါက်နေသော ခပ်လှမ်းလှမ်းမှ ယောကျ်ားတစ်ဦး ကို တွေ့မြင်ရပေ၏။

ဆရာက တပည့်ဖြစ်သူကို လက်ကုတ်၍ ထင်းပေါက်နေသော ယောကျ်ားတစ်ဦး အား–

"ငါ့သား အဲဒီလူကို သိသလား" အမှတ်မထင် မေးလိုက်ပေ၏။

ဦးသာနွဲ့က မသိကြောင်းကို ဝန်ခံပြောလိုက်ရာ "သူ့မျက်နှာကို ကောင်းကောင်း မှတ်ထား။ သူ့ ညာလက်ညှိုးကို အသေအချာမှတ်ထားပေတော့၊ သူဟာ ဘိုးဘိုးအောင်

mgyee.com

mgyoe.com
ခေါ်တဲ့ မင်းသားကြီး ဦးအောင်ကွဲ့။ ခုဟာ သူ့ကို ဘယ်သူမှမသိအောင် ရုပ်ဖျက်ထားတာ။ ဒါကြောင့် ဝိဇ္ဇာဆိုတာ လူလိမ်တွေ လူညာတွေချည်းပဲ” ခပ်အေးအေးပြောလိုက်တော့သည်။

ဦးသာနွဲ့သည် ထိုစဉ်အခါက အသက်သုံးဆယ်အတွင်း၌သာ ရှိနေသော မိမိထက်အသက် ဆယ်နှစ်ခန့် ကြီးသူကို ခပ်တည်တည်နှင့် ထင်းပေါက်နေသော ဘိုးဘိုးအောင်၏ မျက်နှာနှင့် ညာဘက်လက်ညှိုးကြီးကို မှတ်သားထားလိုက်သည်။

ဝိဇ္ဇာဆိုသည်မှာ လူလိမ်လူညာဟု ပြောလိုက်သော အဖေရှင်၏ စကားအဓိပ္ပာယ်မှာ ဝိဇ္ဇာအစစ်အမှန်သည် လူ့လောကအတွင်း၌ ဝင်တစ်ခါ ထွက်တစ်လှည့်ဖြင့် သူ့ကိုယ်ကို ဝိဇ္ဇာမှန်း။ မသိအောင် ဖန်ဆင်းကာ ဟန်ဆောင် လှုပ်ရှားနေခြင်းကြောင့် လူလိမ်လူညာဟူ၍ အဓိပ္ပာယ်ပါပါနှင့် ပြောလိုက်ခြင်းဖြစ်သည်။

ဝိဇ္ဇာယောင်ဆောင်ပြီး ပိတ်ဖြူဝတ်၍ စီးပွားရေး၊ ကာမရေး၊ နာမည်ကြီးရေးအကြောင်းပြု၍ လိမ်လည်နေကြသည့် ဝိဇ္ဇာတုများလည်း ရှိပါသည်။ ဝိဇ္ဇာအတုနှင့်အစစ်တို့၏ လိမ်ခြင်း လှုပ်ရှားခြင်းတို့မှာ ဆိန့်နှင့်ရေ၊ ရွှေနှင့် မစင်တို့လို အပြတ်အသတ်ကွာခြားလှပါပေသည်။

မကြာခင်ကာလက ထွက်ပေါ်လာသော ဘိုးတော်ရှေ့က တပ်ရေးသားထားသော ထိုစာအုပ်တစ်အုပ်၌ ဝိဇ္ဇာထွက်ရပ်ပေါက်တို့မှာ မိမိတို့ကိစ္စ ပြီးမြောက်ကြလျှင် လူ့လောကသို့ ပြန်မလာကြဟူ၍ အတိအကျ ရေးသားထားသည်ကို တွေ့ရလေ၏။

ထိုစာရေးသူသည် ဝိဇ္ဇာလောက၊ ပရလောက ဝိဇ္ဇာအမျိုးမျိုးတို့ကို ကိုယ်တိုင်လိုက်၍ မစုံစမ်းမဆည်းပူးဘဲ သာမန်ကာလျှံကာနှင့် မှန်းရေး၊ စမ်းရေး လိုက်ခြင်းသာ ဖြစ်ပေ၏။

ဝိဇ္ဇာဘယ်နှစ်မျိုးရှိသလဲ။ အရိယဝိဇ္ဇာလား၊ လောကီဝိဇ္ဇာလား၊ သို့မဟုတ် အဌာရသဝိဇ္ဇာလား ခွဲခြားမရေး။ မရေးသည်မှာလည်း မသိ၍ နားမလည်၍ မရေးခဲ့ကြောင်းထင်ရှားလှပေ၏။

ဝိဇ္ဇာပညာ လိုက်စားသူတို့သည် အရိယအတွက် လောကုတ္တရာဆုများကို ပန်ကြားခဲ့သော ပုဂ္ဂိုလ်ထူးများသာ ဖြစ်ပေ၏။

မဟာဂန္ဓာရီ ပုဂ္ဂိုလ်တို့သည် ဆုကြီးများ၊ ဆုလာဘ်များကို ပန်ကြား အဓိဋ္ဌာန်ပြုခဲ့ကြသည်။ ဘုရားကြီးဆု၊ ပစ္စေက ဗုဒ္ဓါဆုများ၊ အဂ္ဂသာဝကဆု၊ မဟာသာဝကဆုများကို ပန်ကြားခဲ့သည်။ ထို့ကြောင့် ပါရမီအဝဝကို ဖြည့်တင်းကြပြီး လူ့ဘဝအတွင်း၌ဝင်ချည်ထွက်ချည်နှင့် ပြန်ရောက်ကြသည်။ လူ့လောကအတွင်း၌ မိုခိုရင်း တပ်ည့်
mgyoe.com

mgyee.com

လက်သား သာဝကများ၊ ဝေနေယျများအား ဦးဆောင်လမ်းပြကာ မိမိတို့၏ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို မနားမနေ ဖြည့်ခဲ့ကြသည်။

ဝိဇ္ဇာမှန်သမျှသည် သုံးလူ့ထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသခင်ကြီးကို ဦးခိုက်ကန်တော့ရပေသည်။ ဘုရားသခင်၏ တန်ခိုးတော် အနန္တကို ဦးထိပ်ပန်ဆင်ကာ ဝိဇ္ဇာ ခရီးနှင့် သိဒ္ဓိစခန်းကို နှင်ကြရသည်။ ဘုရားသခင်ပင်လျှင် လူ့လောက၌ ပြန်ဝင်ကာ တရားဟောခြင်း၊ ချွတ်ခြင်း၊ တန်ခိုးဖျာဒိတ်ပြခြင်းများ ပြုလုပ်တော်မူခဲ့သည်။ ယခု မျက်မှောက်ခေတ် ဒုံးပျံခေတ်၊ အနုမြူခေတ်မှာ ရဟန္တာ အရှင်မြတ်များ၊ စွန်းလွန်းဆရာတော်၊ ဝေဘူဆရာတော်များပင်လျှင် လူ့လောကအလယ်၌ စံပယ်တော်မူပြီး ဝေနေယျများကို တရားရေအေး တိုက်ကျွေးကာ နိဗ္ဗာန်ကို မျက်မှောက်ပြုစေသည်။

တစ်ဘဝမကုန်သေးခင်မှာ မဂ်တစ်ဖိုလ် မဆိုက်သေးသော ရဟန္တာများ မဖြစ်ကြသေးသော ဝိဇ္ဇာတို့သည် တောအရပ်မှာသာ နေရမည်။ လူတို့ဌာနေသို့ မလာဟု ရေးနေကြသော ထိုစာရေးဆရာသည် မိမိလိုသည့် ပညာရပ်ကို မဆည်းမပူးဘဲ ရေးချင်ရာ ရေးလိုရာကို ရေးခဲ့ကြောင်း ဖြစ်ရမည်။ အသိပေးရမည့် ပညာရပ်ကို မကျွမ်းကျင်ဘဲ၊ မသိဘဲ ပြောသံကြားနှင့် တရားနာတတ်သော ပေါ့ပေါ့ဆဆ စိတ်ဓာတ်မျိုးဖြင့် ဝိဇ္ဇာမှန်ရင်တော့ တောအရပ်မှာ နေရမည်ဟု ရေးသားထားခြင်းမှာ မှန်မမှန် မိမိကိုယ်တိုင် ပြန်လည်သုံးသပ်ရန် မေတ္တာရပ်ခံလိုက်ပါသည်။

ကျွန်ုပ်၏ ဓမ္မမိတ်ဆွေတစ်ဦးသည် ဤစာအုပ်ကို ဖတ်ကြည့်၍ ရေးကြီးသုတ်ပျာနှင့် ရောက်လာပြီး—

"ကြည့်ပါဦးဗျာ ဒီလူ့နှယ်၊ ဝိဇ္ဇာတွေ၊ မဟိဒ္ဓိဆရာကြီးတွေမှန်ရင် တောမှာပဲ ခိုကပ်ပြီးနေရမယ်ဆိုတဲ့ အချက်ကို ရေးတယ်။ ရဟန်းမှန်ရင် မြို့ရွာမနေရဘဲ တောခိုပြီးသာ နေရမယ်၊ တရားကျင့် ရမယ်ဆိုတဲ့ သံဃာသင်းခွဲရေးသမား ဒေဝဒတ်ရဲ့ ဘုရားသခင်ကြီးကို တောင်းဆိုပုံနဲ့ မတူဘူးလား။ ကေန္တ ဒီစာရေးဆရာဟာ ဒေဝဒတ်ဂိုဏ်းက တပည့်လက်သား ဖြစ်ရမယ်"

အော်ကြီးဟစ်ကျယ်နှင့် တိုင်တမ်းလိုက်ရာ ကျွန်တော်သည် အသာမေတ္တာရပ်ခံလိုက်ရပေ၏။

"သည်းခံပါ ဦးအောင်ထွန်း၊ သူသိတာ သူ့သဘောပေါက်သလောက် ရေးတာပါ။ သူ့တန်ဖိုး သူ့အရည်အချင်းကို သူဆုံးဖြတ်တာပါ။ သိပ်အာဃာတ မထားပါနဲ့၊ သူ့ကိစ္စနဲ့သူ ရှင်းပါလိမ့်မယ်။ တကယ် သနားစရာကောင်းတဲ့ လူတစ်ယောက်ပဲ"

တောင်းပန်လိုက်ရပေ၏။ မကြာခင်မှာဘဲ သူ့လို မြင်သောသူက ခွင့်လွှတ်ရပေမည်။

mgyoe.com

စာရေးဆရာတို့မည်သည် စာအုပ်တစ်အုပ်ရေးမည်ကြံလျှင် ရှေးဦးစွာ မိမိရေးသားမည့် အကြောင်းအရာကို ပိုင်နိုင်ကျွမ်းကျင်မှုရှိပြီးမှ ရေးဖို့ ကောင်းပေသည်။ စစ်တိုက်သည့်အကြောင်းရေးလိုလျှင် ရှေးဦးစွာ စစ်အကြောင်းများနှင့် စစ်အဘိဓာန်၊ စစ်သေနင်္ဂဗျူဟာနှင့် စစ်ပရိယာယ်များ အတွင်းရေးသဘောတို့ကို ပိုင်နိုင်စွာတီးခေါက်ပြီးမှ ရေးကြသော အနောက်နိုင်ငံ စာရေးဆရာများအဖို့ ချီးကျူးဖွယ်ရာ ကောင်းလှပါသည်။

ယခု ပြောဆိုနေသော ဝိဇ္ဇာစခန်း၊ ပညာစခန်းများမှာ အပြင်သဘောအရ တော်တော်နှင့် တီးခေါက်လေ့လာဖို့ မလွယ်ပါ။ အနည်းဆုံး လေးငါးနှစ်လိုက်၍ လုပ်ကိုင်နိုင်လျှင် ကိုယ်တိုင် ပညာရှာဖွေပြီးမှ စည်းမျဉ်းဘောင်လွတ်အောင် ရေးသားသင့်ပါသည်။ ပြောသံကြားနှင့် တရားနာခြင်း၊ ရိပ်ဖမ်းသံဖမ်းနှင့် အတွင်းကို ဆုံးဖြတ်၍ မိမိစိတ်ဆန္ဒကို ရှေ့ကတင်၍ ရေးသားခဲ့လျှင် မိမိစာရေးဆရာဟူသော သိက္ခာကျနေပြီး အနန္တောအနန္တငါးပါး ဂိုဏ်းသင့်တတ်ကြောင်းကို စေတနာကောင်းဖြင့် မေတ္တာဓာတ် လောင်းကာ သတိပေးအပ်ပါသည်။

အဖေနှင့်သားတပည့် ဦးသာနွဲ့တို့သည် မဟာမြိုင်သို့ ခရီးဆက်ခဲ့ကြသည်။ ခြေကျင်တစ်လှည့်၊ စခန်းချတစ်ဖုံနှင့် ခရီးထွက်ခဲ့သည်တွင် နေ့တစ်နေ့တွင် တောကြီးခေါင်ခေါင်ထဲတွင် အဖေနွဲ့သည်ရေငတ်သဖြင့် အဖေရှင်ကို ရေသောက်လိုကြောင်း ခွင့်တောင်း၍ ရေရှာရန် စီစဉ်လိုက်သည်။

အဖေရှင်သည် "ရေငတ်ရင် ဟောဟိုရှေ့နားက ဘုန်းကြီးကျောင်းထဲမှာ ရေတွေ့ပါလိမ့်မယ် ကလေးရဲ့။ သိပ်မဝေးပါဘူး" အားပေးစကား ပြောလိုက်ပြီး ခရီးဆက်လိုက်ရာတွင် တစ်မိုင်ခန့်အရောက်တွင် တောကြီးခေါင်ခေါင်အလယ်၌ ကျောင်းသခ်မ်းကလေးတစ်ဆောင်ကို စတင်ကာ တွေ့လိုက်ရပေ၏။

အင်မတန် ပင်ပန်းလှသောခရီးသို့ တောက်လျှောက် နှစ်ဦးသားလာခဲ့သည်။ အဖေနွဲ့သည် မိုင်သုံးလေးဆယ် ပတ်လည်၌ ရွာကလေးတစ်ရွာမှပင် မတွေ့ရမမြင်ရဘဲ တောကြီးခေါင်ခေါင် ဆင်တော၊ ကျားတောတွင် အကာအရံများစွာ မလုံသော ကျောင်းကလေး တစ်ကျောင်းတွင် သီတင်းသုံးနေသော မဖူးတွေ့ရသေးသည် ရဟန်းကို ကြည်ညိုသဒ္ဒါစိတ်တွေ ပေါက်လာပါသည်။

ရှေ့က အဖေရှင်က ဦးဆောင်၍ ဆရာတပည့်နှစ်ဦး ကျောင်းကလေးပေါ်သို့ တက်ခဲ့သည်တွင် ခပ်ပြုံးပြုံး မျက်နှာဖြင့် သူတို့နှစ်ဦးအား အသင့်စောင့်ကြိုနေသော နှစ်ဆယ်ခန့်အရွယ်ရှိ ဦးပဉ္စင်းကလေးကို ဦးသာနွဲ့သည် အံ့အားသင့်စွာ ဖူးတွေ့လိုက်ရပြီး ဆရာတပည့် နှစ်ဦးစလုံး ဝတ်ပြုလိုက်သည်တွင် ဦးပဉ္စင်းကလေးက–

mgyoe.com

mgyoe.com

"ဆရာရှင်သား ရေငတ်လာပြီ မဟုတ်လား"

ဆရာရှင်က ပြုံးလိုက်သည်တွင် အဖေနွဲ့သည် တောကြီးခေါင်ခေါင်တွင် ကပ္ပိယမရှိ၊ အဖော်မဆောင်ဘဲ ဧကစာရီတစ်ပါးတည်းရှိနေသော အသက်နှစ်ဆယ်အရွယ်ရှိ ဦးပဥ္စင်းကလေး အကြောင်းကို လေးလေးနက်နက် စဉ်းစားလိုက်သည်တွင် ဦးပဥ္စင်းကလေးက–

"အင်း ဆရာရှင်သားကတော့ ကျုပ်ကိုစုံစမ်းနေပြီဗျာ"

ပြောလိုက်ရာ အဖေရှင်သည် "လူကြီးဖြစ်လာမယ့် လူငယ်ဟာ အစဉ် သတိဝီရိယ ပညာဉာဏ်ရှိရမှာပါ ဆရာတော်" ဖြေကြားလိုက်ပြီ၊ "ကိုင်း ငါ့သား ဟောဟိုရေအိုးစင်က ရေကို သွားသောက်လေကွယ်" အမိန့်ပေးလိုက်ရာ ဦးသာနွဲ့သည် ကျောင်းအတွင်းဆောင် အင်္ဂါထောင့်တွင် ရေအိုးစင်ပေါ်၌ တင်ထားသည့် ရေအိုးအသစ်ကလေးဆီသို့ ထ၍ သွားပါသည်။ ရေအိုး အသစ်လေးအတွင်းမှ ရေများသည် စိမ့်၍ ယို၍ အပြင်သို့ စီးကျနေအောင် အေးမြသောရေအဖြစ်ကို ဖော်ပြနေပါသည်။

ကြေးဖလားဟောင်းနှင့် ခပ်၍ တစ်ခွက်သောက်ချလိုက်ရုံဖြင့် ပူပူလောင်လောင် ခရီးသွားခဲ့ရ၍ ချွေးတပြိုက်ပြိုက်ပင်ပန်းခဲ့သော ဒဏ်ချက်များမှာ တစ်မဟုတ်ခြင်း မီးကို ရေအားဖြင့် ဖိသတ်ချလိုက်သလို ငြိမ်ကျသွားပြီးနောက် တစ်သက်တွင် တစ်ခါမှ မကြုံဖူးသော အင်သစ်အားသစ်များသည် တစ်ခဲနက် ပေါ်ထွက်လာပါသည်။ ဦးပဥ္စင်းလေးသည် ဘုရားကျောင်းဆောင်အတွင်းမှ သစ်တော်သီးတစ်လုံးကို ဆွဲယူကာ–

"ဆရာရှင်သား အဆာပြေစားသွားပေဦး" ပြောပြောဆိုဆိုနှင့် စွန့်လိုက်ရာ ဦးသာနွဲ့က အဖေရှင်၏မျက်နှာကို လှမ်း၍ကြည့်လိုက်ရာ ဦးပဥ္စင်းလေးသည်...

"စားမှာစားပါဗျာ၊ ဆရာရှင်သားရယ် ခင်ဗျားဆရာကြီးက ခွင့်ပြုပြီးသားပါ။ ကျုပ်ပေးတာနဲ့ ခင်ဗျားအဖေပေးတာ အတူတူပါပဲ" ခပ်ပြုံးပြုံးမျက်နှာနှင့် ပြောလိုက်တော့သည်။

ဤတွင်မှ အဖေနွဲ့သည် သစ်တော်သီးကို စားသောက်ရပြန်ပါသည်။

"ငါ့တစ်သက်မှာ ဒီလောက်အရသာရှိတဲ့ သစ်တော်သီး မတွေ့ခဲ့ပါဘူး။ ချိုလည်းချိုတယ်။ ဆိမ့်တယ်၊ ရင်ထဲမှာ အေးခနဲ ဖြစ်သွားသလို ဆာလောင်နေတဲ့ ဒုက္ခတွေဟာ တစ်မဟုတ်ချင်း ပျောက်သွားတယ်။ ငါတော့ သိလိုက်ပါတယ် သိဒ္ဓိတစ်ခုခုကို သစ်တော်သီးဟန်ဆောင်ပြီး ငါ့ကို ချီးမြှင့်လိုက်တယ်ဆိုတာ"

အဖေနွဲ့သည် ကျွန်တော့်အား အုတ်တွင်းဓာတ်ရင်း စခန်းတွင် လောကုတ္တရာဝိပဿနာလုပ်ငန်း ဆည်းပူးနေသည်တွင် သူ၏ မဟာမြိုင်ခရီးသည် အတွေ့အကြုံများ

mgyoe.com

mgyoe.com
ကို ပြန်ပြောပြနေပါသည်။

"ငါ့ကိုစပြီးခေါ်သွားတုန်းကလည်း အထက်မြန်မာပြည် တစ်နေရာသွားမလို့ အဖေရှင်ကခေါ်သွားတာ။ နောင်မှရောက်တဲ့အခါမှာ မဟာမြိုင်ဆိုတာ သိရအောင်" ၃၁ ဘုံဆရာကြီး အဖေနွဲ့သည် အုတ်တွင်းစာတ်ရင်းတွင် ကျွန်တော့်အား အသေးစိတ် ပြန်ပြော မှာကြားခဲ့ပါသည်။

"တို့ဆရာတပည့်နှစ်ဦး ခရီးဆက်ကြရပြန်တယ်။ မဟာမြိုင်ကို ရောက်ကြတယ်။ မဟာမြိုင်ဆိုတာ သူတို့မဟိဒ္ဓိဆရာကြီးတွေ ဖန်ဆင်းလာတဲ့ အထွတ်အမြတ် နေရာပါပဲ၊ အဲဒီမှာလူကြီးပိုင်းတွေ ဆုံကြတာပါပဲသားရယ်" အဖေနွဲ့က မဟာမြိုင်အကြောင်းကို အတိုချုံးကာ ပြောလိုက်သည်။

ဦးသာနွဲ့သည် ထိုစဉ်အခါက အသက်သုံးဆယ်မျှသာရှိခဲ့၍ သူ့အရင်ရောက်နှင့် ကြသော လူကြီးပိုင်းများတွင် သူသည် အသက်အားဖြင့် အငယ်ဆုံးပုဂ္ဂိုလ် ဖြစ်၍နေပါ သည်။ မန္တလေးမြို့တွင် အိမ်ကြိုအိမ်ကြားတွင် အမှတ်မထင် ထင်းပေါက်နေသော စစ်ကိုင်းဆက်မင်းသားကြီး ဦးအောင်ခေါ် ဘိုးဘိုးအောင်သည်လည်း သူတို့အရင် မဟာ မြိုင်သို့ ရောက်ရှိခဲ့သလို ယခုခေတ်လူသိများလှသော ဘိုးတော်အောင်မင်းခေါင်လည်း မူလရုပ်ဖြင့် မဟာမြိုင်သို့ရောက်ရှိခဲ့ကြောင်း တွေ့ရလေ၏။

ဘိုးဘိုးအောင်တို့ လူကြီးပိုင်းက အဖေနွဲ့တို့ သားအဖနှင့် မျက်နှာချင်းဆိုင်နေရာ တွင် ခေတ္တအနားယူကာ လဲလျောင်းရင်း တရားဘာဝနာ နှလုံးသွင်းနေစဉ်တွင် အဖေ နွဲ့သည် ငယ်ရွယ်သူတို့၏ ထုံးစံအတိုင်း သူ၏ စိတ်ကိုလွှတ်၍ ဘိုးဘိုးအောင်၊ ဘိုးမင်း ခေါင်တို့၏ ရင်ထဲသို့ဝင်ခြင်း၊ မထိတထိ ခါးနှင့်ချိုင်းကြားတို့တွင် ကလိထိုး ကျီစယ် လိုက်ရာ ဘိုးဘိုးအောင်သည် ချက်ချင်းပင် ခေါင်းထောင်၍–

"ဟာ ဒီကောင်ကလေးကလည်း ဆော့ရန်ကော" ငေါက်သလို ဘိုးမင်းခေါင်က "ဟဲ့ ကလေး လူကြီးတွေကို မဆော့နဲ့ဟဲ့" လှမ်း၍ တားမြစ်လိုက်လေသည်။

မဟိဒ္ဓိဆရာကြီးများသည် လျှို့ဝှက်စခန်းဖြစ်သည့် မဟာမြိုင်တွင် စုဝေးရောက်ရှိ လာခဲ့ကြခြင်းမှာ ပါရမီအလိုက် တာဝန်ရှိနေသော ပုဂ္ဂိုလ်သုံးဦးကို အတွင်းလုပ်ငန်း တာဝန်များ ပေးအပ်ရန် အဓိကဖြစ်သည်။

နောင်အခါ အုတ်တွင်းမြို့ ၃၁ ဘုံဆရာကြီး ဦးသာနွဲ့ဟူ၍ သုံးဆယ့်တစ်ဘုံ တာဝန်ယူလာကြမည့် ဦးသာနွဲ့အား မဟိဒ္ဓိဆရာကြီးအားလုံး တညီတညွတ်တည်း လောကီစခန်းသို့ ပြန်ဝင်စေပြီး သုံးဆယ့်တစ်ဘုံသားများအဖို့ သာသနာပြုရန် တာဝန် တိတိကျကျ ပေးအပ်လိုက်ကြသည်။
mgyoe.com

mgyoe.com

ရသေ့ကြီး ဦးခန္တီအားလည်း နတ်နှင့် ဝိဇ္ဇာများအဖို့ သာသနာပြုရန် ရှေးဟောင်း အမိကရ ဘုရားတည်ဆောက်ရန် တာဝန်ပေးလိုက်ကြသည်။

မိတ္ထီလာ ကန်တော်ကြီးအတွင်း ရေလယ်ဘုရားကို ဦးဆောင်တည်ထားခဲ့သော ရှေ့နေဦးစော်ဘွား ဆောက်လုပ်လှူဒါန်းခဲ့သော မိတ္ထီလာဘူတာ တောင်ဘက် ကန်မြင့်ကျောင်း၊ ဆရာတော်ဦးတေဇအား ရဟန်းသံဃာများအဖို့ သာသနာပြုရန်ဟူ၍ ပုဂ္ဂိုလ်ထူး သုံးဦးအား ကမ္ဘာတစ်ခွင်လုံးကို အုပ်ချုပ်တာဝန်ယူထားကြသည့် မဟာဂန္ဓာရီ ဝိဇ္ဇာကြီးများ သို့မဟုတ် မဟိဒ္ဓိရှင် ပေါက်ဆရာကြီးများ တညီတညွတ် ဆန္ဒပေးကာ ခန့်အပ်လိုက်သည်။

ထို့ကြောင့် အဖေနွဲ့အား အဖေချမ်းလှိုင်၊ အဖေရှင်တို့၏ သားတပည့်ကြီးအဖြစ် ကြေညာ၍ ဓမ္မဝိဇ္ဇာ ၃၁ ဘုံလုပ်ငန်းတာဝန်ခံ ပုဂ္ဂိုလ်ထူးဘွဲ့ဒြပ်ကို ရယူခဲ့လေသည်။

mgyoe.com

mgyoe.com

# တပည့်၊ တပဲ့၊ တပန်း

'ကျုပ်ကို အဖေရှင်က အမျိုးမျိုးအတွင်းအပြင် စမ်းသပ်ပြီးမှ တပည့်ရင်းအဖြစ် တပည့်တစ်ရာကျော်လောက်ထဲက ဆွဲထုတ်ပြီး ခေါင်းဆောင်အဖြစ် ကြေညာတင်မြှောက်ခဲ့ခြင်းဖြစ်တယ်။ ဆရာရှင်ဟာ ဘယ်တော့မှ မျက်နှာ မလိုက်ဘူး။ ပြောစရာရှိရင်၊ မှန်ကန်တဲ့ အကြောင်းရှိရင် မဆိုင်းမတွ မထောက်မညှာ ပြောဆိုဆုံးမလေ့ရှိတယ်" အဖေနွဲ့သည် လေးကြိုးကိုင် အဖေရှင်၏ အကြောင်းကို ပြောပြလိုက်ပြီး–

"အထက်အောက် ရေချိုရေငန်နဲ့ ရှမ်းပြည်ဘက်က ပါရမီမှိုတဲ့ တပည့်ရင်းလူကြီး တစ်ရာကျော်လောက်ကို မန္တလေးအဖေ ဦးချမ်းလှိုင်အိမ်မှာ စုစေပြီး ပရိသတ်အစုံအညီ ကာလမှာ အဖေရှင် အဓိဋ္ဌာန်နဲ့ သစ်တော့သီး တစ်လုံးကို အထက်မြှောက်ပြီး ပစ်လွှင့်လိုက်တယ်။ ကြံကြံဖန်ဖန် အဖေရှင်လွှတ်လိုက်တဲ့ သစ်တော်သီးဟာ ငါ့တိုက်ပုံအကျီ အိတ်ကပ်ထဲတန်းပြီး စွပ်ဝင်သွားတယ်။ အဲဒီနောက်မှာ ဆရာကြီးဦးချမ်းလှိုင်နဲ့ အဖေရှင်တို့က မြင်ကြတဲ့အတိုင်း လူအုပ်အများမှာ ခပ်ကုပ်ကုပ်နေတဲ့ မောင်သာနွဲ့ဟာ သစ်တော်သီးရသွားပြီ၊ သူ့ပါရမီအတိုင်း ငါတို့ဓမ္မဝိဇ္ဇာ မဟာဂန္ဓာရီစခန်းမှာ တို့မရှိတဲ့နောက် ဆရာတော် ဦးတေဇနောက်မှာ သူတာဝန်ယူရမယ်"

အတိအလင်း အမိန့်ချမှတ်လိုက်လေ၏။

ဆရာကြီးနှစ်ပါးက ဆက်လက်၍ "ငါတို့ ဓမ္မဝိဇ္ဇာသာသနာပြုခရီးလမ်းမှာ ပါရမီအလျောက် ဓမ္မဝိဇ္ဇာအတွင်း ပရိသတ်များအဖြစ် လုပ်ဆောင်ပါဝင်လာကြတယ်။ လူများလာသလောက် လုပ်ငန်းစဉ်အတိုင်း ထိထိရောက်ရောက် ကြိုးစားကြဖို့ လိုတယ်။

"တပည့်၊ တပဲ့၊ တပန်းဆိုတဲ့ တပည့်လက်သား သုံးမျိုးကို ကြိုတင်သိရှိ သဘောပေါက်ထားဖို့လိုတယ်။ တပည့်ဆိုတာ ဆရာသမား ပြောဆိုဆုံးမ ဩဝါဒပေးသလို မြေဝယ်မကျ နားထောင်ကျင့်သုံး လိုက်နာတဲ့လူကို ပီပီရိရိ လိမ္မာရေးခြားရှိခြင်းကြောင့်

mgyoe.com

mgyoe.com
'တပည့်' လို့ ခေါ်တယ်။

"နောက်တစ်မျိုးက အစတုန်းကတော့ လုပ်ပါရဲ့၊ လိုက်ပါရဲ့၊ ပြောဆိုဆုံးမ ဩဝါဒကို နာခံပါရဲ့။ အတော်ကြာတော့ လက်ဝဲမဟိဒ္ဒိတွေ အစမ်းသပ် ခံရမှုတွေကြောင့်ရော၊ လုပ်ရကိုင်ရတာ ပင်ပန်းလာကြတာမို့ ခရီးတစ်ဝက် ရောက်ခါနီးမှာ ဘေးကိုပဲ့ထွက် စဉ်ထွက်သွားကြတယ်။ ဒီလူမျိုးတွေကို 'တပဲ့' အဖြစ် အသိအမှတ် ပြုလိုက်ကြရတယ်။

"နောက်တစ်မျိုးကတော့ ဓမ္မဝိဇ္ဇာလုပ်ငန်းကို ဝင်လာကတည်းက နောက်ကြောင်းတွေကြောင့်၊ ဘယ့်ကြောင့်၊ တန်ခိုးကြီးချင်တာတွေကြောင့် ဝင်လာကြပြီး နေ့ပိုင်း ရက်ပိုင်းအတွင်းမှာ သူတို့လိုချင်တဲ့ သိဒ္ဓိတန်ခိုးတွေ မရတာနဲ့၊ သူတို့ဖြစ်လိုတာတွေ မဖြစ်တာနဲ့ တို့ဓမ္မဝိဇ္ဇာလုပ်ငန်းစဉ်ကို ချက်ခြင်းစွန့်ခွာကြပြီး ပေါ်ပင်လုပ်ငန်းရုပ်ပြကောင်းတဲ့ တခြားလုပ်ငန်းတွေဆီကို တစ်ချိုးတည်း တန်းသွားကြတယ်။ ဒါကြောင့်မို့ စောစောပိုင်းကတည်းက သမာဓိပျက်သွားတဲ့လူတွေကို 'တပန်း' လို့ခေါ်ရမယ်။ ဒီလူမျိုးတွေ လက်ခံရတာ ပင်ပန်းရုံပဲ။ တကယ် သနားစရာတွေပဲ"

မှာကြား ပညာပေးကြလေသည်။

အုတ်တွင်းမြို့ ဆရာကြီးဦးသာနွဲ့သည် တစ်ခါတစ်ရံ ကျွန်တော် အပါအဝင် တပည့်ရင်း ပါရမီရှင်များကို တစ်သက်တာ မှတ်လောက်သားလောက် ဆုံးမခန်းများကို ဆုံးမ သွန်သင်လေ့ရှိပါသည်။

တစ်ခါက ကျွန်တော်တို့ တပည့်ထဲမှ ပုဂ္ဂိုလ်တစ်ယောက်က တခြားတစ်ယောက်အား "ဘုရားလေး ဘာလေး သွားရှိခိုးကြရအောင်" အဖော်ညှိလိုက်ရာတွင် အဖေနွဲ့ကြားသွားသည်တွင်...

"ဟဲ့ ဒီကိုလာကြစမ်း" ခေါ်လိုက်ပြီး "မင်းတို့ စကားပြောရင် တရားလွတ်မပြောကြနဲ့။ စကားနောက် တရားပါ ပြောဆိုခြင်းတွေ မရှိစေရဘူး။

"ဘုရားလေး ဘာလေးဆိုတာ ငါတို့ရဲ့ သုံးဆယ့်တစ်ဘုံမှာ အထွတ်အထိပ်ထားဆည်းကပ်ရတဲ့ ဘုရားရှင်ကိုယ်တော်ကြီးကို အဂါရဝ ရောက်ရာကျတယ်၊ ဘုရားလေး မဟုတ်ဘူး။ ဘုရားကြီးတွေကွယ့်၊ သေသေချာချာကြည့်ပြီး ပြောကြစမ်း။ ငါတို့ အရှင်ဂေါတမ ကိုယ်တော် နစဉ်က ဒုက္ကရစရိယာကျင့်စဉ်မှာ ကျုပ်ဆိုရင် ခြောက်လ မပြောနဲ့၊ ခြောက်နှစ်တောင်ကျင့်ဝံ့ပါတယ် ပြောမိတာနဲ့ ကိုယ်တော်မြတ်ကြီး ပွင့်တော်မူမယ့် အချိန်မှာ ခြောက်နှစ်တိတိ ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ရတယ်"

ဆုံးမ သွန်သင်တော်မူပါသည်။

"လူတွေ သိပ်ခက်တယ်။ တစ်ချက်ကလည်း သိပ်ကိုးကွယ်ချင်တယ်ဆိုတဲ့ စကား
mgyoe.com

mgyoe.com
တွေပါ မကြိုက်ဘူး။ ကိုးရင် ကွယ်တာချည့်ပဲ။ ဆည်းကပ်အားထုတ်တယ်ဆိုရင် ဘယ်လောက်ကောင်းမှာလဲ။ နောက်တစ်ချက်ကလည်း ရှိသေးတယ်။ ဘုရားပွဲ၊ မဟာဗိန္ဒိပွဲ၊ သိကြားပွဲ၊ မယ်တော်ပွဲတွေ လှူဒါန်းတဲ့အခါမှာ ပွဲထိုးတယ်လို့ ဘန်းစကားဆန်ဆန် ပြောကြပြန်တယ်။ ပွဲထိုးတယ်ဆိုတာ မရိုမသေ သုံးတဲ့စကားလုံးဖြစ်တယ်။ ထိုးတယ်ဆိုတာ 'ရှော့စားတော့' 'အင့်စားတော့' ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ဆက်ဆံသုံးနှုန်းတာက လား။ ပေးလှူဆက်ကပ်ဆိုတာ အင်မတန် အဓိပ္ပာယ်ပေါက်သလို ယဉ်ကျေးခဲ့ညားတဲ့ စကားကို သုံးရမယ်။

"ဘိုးတော် သိကြားနဲ့ မဟာဗိန္ဒိ ပုဂ္ဂိုလ်တွေဟာ လူတွေ လှူဒါန်းမှ စားရတာမဟုတ်ဘူး။ ဒီလို လူတွေလှူမှ စားရတဲ့ဘဝဆိုရင် ဘာလို့ တန်ခိုးကြီးတဲ့နတ်မင်းတွေ၊ ဝိဇ္ဇာတွေလုပ်နေ ဖြစ်နေတော့မှာလဲ"

အားရပါးရ ပြောလိုက်ပြီး...

"လူတွေက သဒ္ဓါနဲ့ သူတို့ကို လှူဒါန်းတဲ့ပစ္စည်းငှက်ပျောပွဲ၊ အုန်းပွဲတွေကို သူတို့က လက်ခံယူပြီး သူတို့ကတစ်ဆင့် အလောင်းတော် အရိမေတ္တေယျ ကိုယ်တော်ကြီး ရှေ့တော်မှောက်ကို ဆက်ကပ်ပူဇော်ကြတယ်။ အဲဒါဟာ အလောင်းတော်ကြီးနဲ့ အလှူဒါယိကာတို့ ဒါနဆက်မှုရှိအောင် ပုဂ္ဂိုလ်ကြီးတွေ လုပ်ဆောင်စောင့်ရှောက်ပေးခြင်း ဖြစ်တယ်။ ဒီလိုအတွင်းအဓိပ္ပာယ်ကို အလှူရှင်တွေ သဘောပေါက်ကြဖို့ သိပ်အရေးကြီးတယ်။ ဒါကြောင့် ပွဲထိုးတယ်ဆိုတဲ့ စကားကို မသုံးကြနဲ့။ စကားနောက် တရားပါဖြစ်လာနိုင်တယ်"

မိန့်ကြားတော်မူပါသည်။ အသံဖြင့် "ဟုတ်တယ် မှန်တယ် ကလေးရယ်၊ ဒီကနေ့ကစပြီး သုံးဆယ့်တစ်ဘုံ ကောင်းဖို့ လုပ်ရမယ်။ ဒီအမှုတွေ ပွေနေတာကို ဒီကနေ့ကစပြီး ရပ်တန်းက ရပ်ပစ်တဲ့ အမြင်ဖြစ်ရမယ်။ သုံးဆယ့်တစ်ဘုံမှာ အမှုတွေပွေတာက ရပ်ဆိုင်းပယ်ရှားပစ်ရမယ်" အမိန့်ချမှတ်ကာ ဓမ္မဝိဇ္ဇာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍–

ဦးသာအေး ဒေါ်လှယဉ် သားသမီးများ၏ လောကီလောကုတ္တရာစာနဲ့...

"သုံးဆယ့်တစ်ဘုံ ကောင်းဖို့" ဟူသော ကမ္ပည်းအသစ်၊ စာတန်းအသစ်များကို ခပ်မြန်မြန် ရေးသားစေပါသည်။

ကျွန်တော်သည် ကျွန်တော့် ကျေးဇူးရှင်ဖြစ်သည့် မိဘလည်း၊ ဖြစ်သည့် ဆရာသမားလည်း ဖြစ်တော်မူသော အဖေနွဲ့ကို ကျွန်တော်အားလျှင်ခေါ်တိုင်း "ဘုရား" ထူးကာ ရိုသေခြင်း ဖြစ်စေသည်။ တချို့တပည့်များက အဖေနွဲ့ခေါ်သည့်အခါ၌ ခင်ဗျာ၊ ဆရာကြီး၊ လာပါပြီ စသည်ဖြင့် သာမန် ရိုသေမှုရှိခဲ့သည့်အလျောက် ကျွန်တော်နှင့် အဖေနွဲ့
mgyoe.com

mgyoe.com

အပေါ်၌ ရှိသေသမျှ ဘုရားထူးခြင်းအတွက် အချင်းချင်း အစိပ္ပာယ်ပါပါနှင့် ကြည့်ကြ ဝေဖန်ကြသည်။

ဤတွင် အဖေနွဲ့သည် သုံးဆယ့်တစ်ဘုံလုပ်ငန်းမစမီ တပည့်၊ တပည့်မများ စုဝေးရောက်ရှိလာသည့်အခါ၌–

"ကိုင်း မင်းတို့ ပါရမီ တပည့်တွေအထဲက ငါ တစ်ချက်မေးမယ်။ ရဟန်းသံဃာ ဘယ်နှစ်ပါး ရှိသလဲဟေ့"

ဦးမောင်လေးအမည်ခံ ကျွန်တော်တို့တပည့်များအနက် အသက်အကြီးဆုံး၊ ဝါအရင့်ဆုံး ပုဂ္ဂိုလ်ကြီးကို မေးလိုက်ရာ–

"မဂ္ဂတန်၊ ဖလတန် ရှစ်တန်သော အရိယာသံဃာ ရှစ်ပါးရှိပါတယ် ဆရာကြီး" ဖြေလိုက်ရာ အဖေနွဲ့သည်–

"အေး ဟုတ်တယ်။ အဲဒီ ရှစ်တန်သော အရိယာဟာ ရဟန်းသံဃာချည်းပဲလား။ ဒီပြင် ဘယ်ပုဂ္ဂိုလ်တွေ ပါသေးသလဲ ဆိုစမ်းပါဦး" မေးမြန်းလိုက်ရာ–

"တချို့လူကတ်တွေ၊ လူကြောင်တွေရှိကြတယ်။ ပညတ်လည်း အရေးမစိုက်ဘူး။ ပရမတ်လည်း ဂရုမစိုက်ဘူး။ အလကားဟာတွေ ပါဆိုပြီး စိတ်သာတစ်ခုတည်း အရေးကြီး တယ်ဆိုပြီး ပြောကြ၊ ဟောကြ၊ လုပ်ကြကိုင်ကြတာတွေ ရှိတယ်။ ဥပမာပြောရရင် တို့က ဒန်အိုးဒန်ခွက် မသုံးရဘူးဆိုရင် သူတို့လူစုက သုံးတာဘာဖြစ်သလဲ။ စိတ်တစ်ခုပါပဲ လို့။ တကယ်ကိစ္စပြီးတဲ့ အာသဝေါကုန်ခမ်းနေတဲ့ ပုဂ္ဂိုလ်ကြီးတွေအတိုင်း ပြောနေကြတယ်"

"ပညတ်သွားရာ ဓာတ်သက်ပါတာချည်းပဲ၊ ဒါတွေစွန့်ရမယ့်အချိန်က အန္တိမ ဘဝနဲ့ နိဗ္ဗာန်ကူးတော့မယ့် နောက်ဆုံးဘဝဖြစ်တဲ့ ခပ်ရှင်းရှင်းပြောရရင် မဂ်ဆိုက်ဖိုလ် ဆိုက်ဘဝမှာ ပြောနိုင်ပါတယ်။ ပညတ်တွေ၊ ဓာတ်တွေဟာ သူ့အင်အားအထိုက် အလျောက် ပါလာမှာချည်းပဲ။ ပေါ်မှာချည်းပဲ။ ဘုရားရဟန္တာတွေသာ လောကစံနဲ့ ပညတ်တွေကို ပယ်နိုင်တာ၊ ခံနိုင်တာကလား။ လူကဖြင့် ဘာစော်မှမနံသေးဘဲ၊ စူဠသော တာပန် မဆိုက်သေးဘဲ စကားကြီးစကားကျယ်တွေ ပြောပြီး ပညတ်တွေ၊ ဓာတ်တွေ အရေးမစိုက်ဘူးပြောတာ အင်မတန်ရယ်စရာပဲ။ ဒီလိုလူတွေ ခံလိုက်ရတော့လဲ အလူးအလဲ ဘဲ။ တော်တော်နဲ့ နလံမထူတော့ဘူး၊ အများကြီးတွေ့ဘူးပါတယ်" အချက်ပေါ် တိုင်းပင် ဆရာကြီးဦးသာနွဲ့သည် အပြောအဆို အနေအထိုင်များနှင့် ပတ်သက်၍ သတိပေးဆုံး မခဲ့ပါသည်။

တစ်နေ့ အဖေနွဲ့နှင့် ကျွန်တော်တို့သည် ကျွန်းကုန်းလောကဓာတ်ဘုရားတွင် ဘုရားဝတ်တက်နေကြသည်တွင် ဇရပ်၏ နံရံတွင် ရေးသားထားသည့်–

mgyoe.com

mgyoe.com

"သုံးဆယ့်တစ်ဘုံ ကောင်းမှု" ဟူသော ကမ္ပည်းစာတန်းကို တွေ့ရ၍ ကျွန်တော်သည် နက်နက်နဲနဲ စဉ်းစားနေရာမှ "အဘ ကျွန်တော်တို့ ကောင်းမှုတွေမှာ အမှုဆိုတဲ့ အသုံးအနှုန်းပါနေတာ တစ်မျိုးကြီး မြင်နေပါတယ်" လျှောက်ထားလိုက်ရာ–

အဖေနွဲ့သည် ချက်ချင်းပင် အရေးကြီးသော "မဂ်ဆိုက်ဖိုလ်ဆိုက်တဲ့ ရဟန်းသံဃာတွေနဲ့ မဂ်ဆိုက် ဖိုလ်ဆိုက်နေတဲ့ ဝတ်ကြောင်ဝတ် လူတွေလည်း ပါပါတယ် ဆရာကြီး" ဖြေလိုက်ရာ အဖေနွဲ့သည် သာဓုသုံးကြိမ် ခေါ်လိုက်ပြီး–

"အဲဒါကြောင့် သင်္ကန်းဝတ် ဘုရားတပည့်သား ရဟန်းသံဃာတွေရှိမှ ရိုသေသမှု ဘုရားထူးခြင်း ရှိရတာမဟုတ်ဘူး။ ဝတ်ကြောင်ဝတ်ပြီး မဂ်ဆိုက်ဖိုလ်ဆိုက်နေတဲ့ လူရဟန်းတွေကိုလည်း ရိုသေဂါရဝပြုပြီး ဘုရားထူးတာ မှန်လားမမှန်လားဟေ့ ဦးကျောက်ပြား" မေးလိုက်ရာ အဘ ဦးကျောက်ပြားသည် ချက်ချင်းပင်–

"ဝတ်ကြောင်ပင် ဝတ်ဆင်ထားစေကာမူ ဆရာရင်း သမားရင်းဖြစ်ပြီး မဂ်ဆိုက်ဖိုလ်ဆိုက်တဲ့ပုဂ္ဂိုလ်ကို ဘုရားထူးတာ သိပ်သဘာဝကျပြီး မှန်ကန်ပါတယ်ဆရာကြီး" ဖြေကြားလိုက်ရာ အဖေနွဲ့သည် သာဓုသုံးကြိမ် ကျယ်လောင်စွာ ခေါ်လိုက်ပြီး–

"မှတ်ထားကြ။ ကလေးဟာ မင်းတို့အထဲမှာ အသက်အငယ်ဆုံး ဖြစ်ပေမဲ့ ပါရမီမှာ သူဟာ ကြီးရင့်တဲ့အတွက် ငါ့ကို ဘုရားထူးတယ်။ ဆရာခေါ်ပြီး အဘဘုရားလို့ ရိုသေသမှုရှိခဲ့တာ မင်းတို့ သင်ခန်းစာ ယူကြဖို့ပဲ"

မိန့်ကြားလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ဓမ္မဝိဇ္ဇာ ဝါရင့်သူများ၊ တပည့်ကြီးများသည် ကျွန်တော်တို့ဆရာသမားကြီးများကို ရိုသေဂါရဝဖြင့် ဘုရားထူးခြင်း၊ ဆရာတော်ကြီးများ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲကြပါသည်။

ဘိုးတော်ဟူသော စကားကို ကျွန်တော်၏ ဓမ္မဝိဇ္ဇာ လုပ်ငန်းတွင် မကြားခဲ့ရပါ။ မသိခဲ့ရပါ။ ကျွန်တော် မြန်မာပြည် ရန်ကုန်ရောက်မှ မဟိဒ္ဓိဆရာကြီးများ၊ ပေါက်ဆရာကြီးများကို ဘိုးတော်ဟူ၍ ခေါ်ဆိုကြောင်း ကြားမိပါသည်။ ဓမ္မဝိဇ္ဇာ လုပ်ငန်းစဉ်တွင် ဘိုးတော်ခေါ်သော ပုဂ္ဂိုလ်များမှာ ဉာဏ်ကြီးများဆိုင်ရာ အခေါ်အဝေါ် ဖြစ်ပါသည်။ ယခု တာဝန်ယူစောင့်ရှောက်နေသော နတ်တို့၏သနင်း ဝါသဝသိကြားမင်းကို ဘိုးတော်ဝါသဝဟူ၍ ခေါ်ကြပြီး စမ တောင်ပိုင်ကြီးကို တောင်ပိုင် ဘိုးတော်ဟူ၍ ခေါ်ပါသည်။ ယခင်က လူသိများခဲ့သော နတ်တို့ဘုရင် မာဃသိကြားမင်းမှာ ယခုအခါ တာဝန်လွှဲပြောင်းကာ အနားယူနေသဖြင့် ၎င်းနေရာ၌ ဝါသဝအမည်ရှိ သိကြားမင်းက တာဝန်ဆက်လက်ယူနေကြောင်းကို အဖေနွဲ့ကိုယ်တိုင် ပြောပြ၍ သိရှိရပါသည်။

ဓမ္မဝိဇ္ဇာလုပ်ငန်းစဉ်တွင် ဆရာကြီး တစ်ပါးသာရှိပြီး မြင်မြင်သမျှကို ဆရာမခေါ်

mgyoe.com

mgyee.com

ကြပါ။ တာဝန်ပေးအပ်ခြင်း ခံရ၍ ဓမ္မဝိဇ္ဇာလုပ်ငန်းတစ်ရပ်လုံးကို ဦးစီး၍ လောကဓာတ်ကို လိုက်ဝံ့သော တာဝန်ခံ ပုဂ္ဂိုလ်ကြီးများ ဖြစ်တော်မူခဲ့သည့် အဖေဦးချမ်းလှိုင်၊ အဖေရှင်၊ ဆရာတော်ဦးတေဇ၊ အဖေနွဲ့၊ အဖေလူတို့ကိုသာ ဆရာတော်ကြီးများဟူ၍ ခေါ်ကြပြီး ကျွန်တော်တို့ တပည့်တပန်းများကို အသက်အလိုက်၊ လုပ်ငန်းအလိုက် ဦးတပ်၍ ခေါ်ခြင်း၊ ကိုတပ်၍ခေါ်ခြင်းသာ ပြုလုပ်ခဲ့ကြသည်။

အဖေနွဲ့သည် ကမ္ဘာတစ်ခွင်ကို အုပ်ချုပ်ဦးစီးနေသော ပေါက်ဆရာကြီး ဆယ့်လေးဦးတို့၏ အမိန့်အာဏာရ ခန့်အပ်ခဲ့သော ပုဂ္ဂိုလ်ထူးသုံးဦးတို့၏ လုပ်ငန်းစဉ်များ အကြောင်းကို ထပ်မံရှင်းလင်း ပြောပြပါသည်။

"ငါတို့ဆရာသမားဖြစ်တော်မူတဲ့ မိတ္ထီလာရေလယ်ဘုရား ဒါယကာ ဦးတေဇက ရဟန်းသံဃာတွေ သာသနာပြုနိုင်ဖို့၊ ရဟန်းကျင့်ဝတ် ထိန်းသိမ်းနိုင်ဖို့ အဓိက တာဝန်ယူရတယ်"

"ရဟန်း၊ သံဃာတွေအရေးနဲ့ ပတ်သက်လို့ သိပ်သတိထားရမယ်။ ဒီပုဂ္ဂိုလ်မြတ်တွေဟာ ဘုရားကိုယ်တော်ကြီး ပြီးတဲ့နောက်မှ သံဃာစစ်သံဃာမှန်တွေက သာသနာကို တာဝန်ယူရမှာ မုချပဲ။ မင်းတို့ ငါတို့က သံဃာဆိုရင် ခြေတော်ဦးခိုက်ပြီး ထာဝစဉ် အရိုအသေပြုရမယ်။ ခက်တာက သံဃာစစ်တွေထဲမှာ အတုအယောင်တွေပါလေ့ရှိတယ်။ ဘုရားကိုယ်တော်ကြီး သက်တော်ထင်ရှား ရှိတော်မူစဉ်ကပဲ ဝိနည်းတွေကို လစ်ရင်လစ်သလို ကျူးလွန်ကြပြီး တိတ္ထိဆန်ဆန် ပုဂ္ဂိုလ်တွေလည်း ရှိကြတယ်။ ဒါကြောင့် ဘုရားသခင်က ငါ၏ သာသနာ နှစ်ထောင့်ငါးရာကျော်တွင် ငါ၏ချစ်သား ရဟန်းသံဃာများအတွင်းမှ ဒုသီလ ပုဂ္ဂိုလ်တွေက ငါ၏ သာသနာကို စတင်ဖျက်ဆီးကြလိမ့်မယ်လို့ ဗျာဒိတ်မူခဲ့တယ်။ ဒါကြောင့် ရဟန်းအချင်းချင်း သာသနာပြန်ပြီး စောင့်ထိန်းဖို့ ဆရာတော်ကြီး ဦးတေဇကို တာဝန်ပေးကြတယ်။

"ရသေ့ကြီး ဦးခန္တီဟာ ရွှေဖြစ်၊ ငွေဖြစ်တယ်လို့ သတင်းကြီးတာ အမှန်တကယ်က မဟုတ်ပါဘူး။ သူတို့အဖို့ ဓာတ်ဘုရားတွေတည်ခြင်း၊ ရှေးဟောင်း သာသနာရေး လုပ်ငန်းစဉ်တွေကို ပြုပြင်မွမ်းမံပေးတဲ့ ဦးခန္တီကို နတ်နဲ့ဝိဇ္ဇာတွေက အရှေ့ကျွန်းက နဂါးတွေ စွန့်ပစ်တဲ့ နဂါးချေးဖြစ်တဲ့ နာရဏီ ရွှေတွေ ယူပေးတယ်။ ဦးခန္တီက ကြေးနဲ့ ရောစပ်ပြီးမှ လူသုံးတဲ့ ပုရပိုက်ခေါက် ရွှေအဆင့်ရောက်လာပြီး ငွေအားကြေးအားနဲ့ ပစ္စည်းတွေဝယ်ခြမ်းပြီး သာသနာပြုနိုင်တယ်။ နောက်တစ်ချက်ကလည်း ဓမ္မဝိဇ္ဇာဖြစ်လာတဲ့၊ ခေါင်းဆောင်နိုင်တဲ့ ဦးခန္တီလို ပုဂ္ဂိုလ်တွေဟာ လောကီပညာမှာလည်း တတ်ကြပါတယ်။ သိကြပါတယ်။ သူတို့လုပ်ချင်ရင် အဂ္ဂိရတ်ရွှေလည်း ဖြစ်နိုင်ကြတာပါပဲ။

mgyee.com

mgyoe.com

ဆရာတော်ဦးတေဇကိုယ်တိုင် မိတ္ထီလာမြို့မှာသီတင်းသုံးစဉ်က အင်္ဂရတ်ပညာကို အလွန်အထင်သေးသည့်လူတစ်စုကို ခေါ်ယူပြီး သူတို့အိမ်က စိတ်ကြိုက်ဖားဖိုနဲ့ ဓာတ်ပစ္စည်းတွေ ဘယ်ရွေ့ဘယ်မျှ မည်သည့်လုံနံပါတ်ကိုပါ တစ်ပါတည်း သူ့ရှေ့မှောက်သို့ မည်သည့်အချိန်တွင် အရောက်ယူလာရန် အမိန့်ပေးခဲ့တယ်။

"ဓေတ်ပညာ တကယ်တတ်ကျွမ်းတဲ့ ယခု ခေါ်ဝေါ်နေကြတဲ့ သိပ္ပံပညာကို ဒီဂရီအကြီးကြီးတွေ ရယူခဲ့၍ မိတ္ထီလာမြို့ပေါ်က မင်းစိုးရာဇာတွေကို ဦးဆောင်ပြီး သူတို့စိတ်ကြိုက်ဖားဖိုပါ ယူဆောင်လာကြတယ်။ သူတို့နဲ့အတူ ရွှေချောင်းဝယ်တဲ့၊ ရွှေအကြောင်း ကောင်းကောင်းကျွမ်းကျင်တဲ့ ဘာဘူကုလားတွေပါ တစ်ပါတည်း ခေါ်ယူလာခဲ့ကြတယ်။

"ဆရာတော် ဦးတေဇက သူ့ရှေ့မှောက်မှာ ဖားဖိုကို တပ်ဆင်စေပြီး လုံတစ်လုံစင်မှာ သူပြောတဲ့ အင်္ဂရတ်ဓာတ်တွေကို အချိန်အတွယ်နဲ့ ချိန်ပြီးထည့်ပြီး မင်းစိုးရာဇာပညာတတ်တွေကိုယ်တိုင် ဖိုဆွဲခြင်း၊ လုံတည်ခြင်းများ ပြုလုပ်စေပြီး ပက်လက်ကုလားထိုင်ပေါ်က ထိုင်ရင်း စောင့်နေတယ်။ တစ်နာရီခွဲ ကျော်ကျော်ကာလမှာ ဆရာတော်ကြီးက မီးထဲမှ လုံကိုချပြီး အအေးခံခြင်း၊ အလိုခြမ်းခြင်း ပြုလုပ်စေပြီး အရာရှိကြီးတွေကို လုံခွဲပြန်ခိုင်းတယ်။ လုံကွဲထဲက အိနေတဲ့ တကယ့် ပုရပိုက်ခေါက်ရွှေ နှစ်ကျပ်သားခန့်ထွက်လာတာမို့ ဘာဘူကုလားတွေကိုခေါ်ပြီး ပြသစမ်းသပ်ခိုင်းတယ်။ ဘာဘူကုလားတွေက နည်းအမျိုးမျိုးနဲ့ စမ်းသပ်ပြီးသည့်နောက်မှာ ပုရပိုက်ခေါက်ရွှေ အစစ်ဖြစ်ကြောင်းဝန်ခံကြပြီး ပုရပိုက်ခေါက်ရွှေဈေးနှုန်းပေးပြီး ပြိုင်တူဝယ်ကြတယ်။ မျက်နှာဖြူအရေးပိုင် ရာဇဝတ်ဝန်ကြီးတို့ကပါ ဆရာတော်ကြီးကို လက်အုပ်ချီပြီး ရှိခိုးကြတယ်" ဆရာကြီးက ရွှေကို သူ့လက်ဝယ် ပြန်တောင်းယူပြီး...

"ခုတင်ကမှ စုပေါင်းစပ်ပေါင်းဓာတ်ပါတဲ့ အင်္ဂရတ်ဓာတ်ပစ္စည်းတွေဟာ ခုမှ ပုရပိုက်ခေါက်ရွှေဖြစ်တာ မှန်သလားလို့ အမိန့်ချလိုက်ပြီး မနီးမဝေးမှာရှိတဲ့ မိတ္ထီလာကန်ထဲကို ပစ်ချလိုက်ပြီး ကိစ္စတုံးလိုက်တယ်"

"မိတ္ထီလာမြို့ပေါ်က အရာရှိ အရာခံကြီးတွေက စပြီး အာဏာပိုင်တွေဟာ ဦးတေဇကို သိပ်ဆည်းကပ်ကြည်ညိုကြတယ်။ မြို့ရေးပြရေး သိပ်အရေးကြီးတဲ့ ကိစ္စကြီးများပေါ်လာရင်၊ ဆရာတော်ကြီးရဲ့ ခြေရင်းမှာ တရိုတသေလာရောက်ပြီး အကြံဉာဏ်များတောင်းခံလေ့ရှိပါတယ်"

အဖေနွဲ့သည် ပုဂ္ဂိုလ်ထူးနှစ်ဦး၏ လုပ်ငန်းစဉ်ကို ပြောပြလိုက်ပြီး "ငါ့အလုပ်ကတော့ တီက၊ ကျွတ်က၊ မျှော့ကစပြီး ဗြဟ္မာအထိ တာဝန်ယူပြီး သာသနာပြုရတဲ့ ၃၁

mgyoe.com

ဘုံလုပ်ငန်း၊ ၃၁ ဘုံ ပါရမီစခန်းဖြစ်တယ်။ ငရဲသားတွေလည်း ကျွတ်ကြရအောင်၊ ဗြဟ္မာတွေလည်း နိဗ္ဗာန်ကူးနိုင်ကြရအောင်၊ လူတွေလည်း အပါယ်လေးဘုံကင်းပြီး နတ်ရွာခြောက်ထပ်နဲ့ နိဗ္ဗာန်ဝင်နိုင်အောင် မနားမနေပါရမီဖြည့်ကြဖို့ ပြင်ခဲ့တယ်" သူ၏တာဝန်ဝတ္တရားများကို ရှင်းလင်းမိန့်ကြားပါသည်။

"ခင်ဗျားတို့ ကျုပ်တို့ဟာ ဘုရားစစ်ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ်သံဃာမှန် ရှာတွေ့ကြပြီး တာကြောင့် သမထဝိပဿနာလုပ်ငန်းတွေ ဖိဖိစီးစီးလုပ်ကြဖို့ အရေးကြီးတယ်။ တစ်ဖက်ကတရားကျင့်သလို တစ်ဖက်က သာသနာပြုကြရမယ်။ လောကဓာတ် ဘုရားခြောက်ဆူကို ပြီးစီးအောင် တည်ကြရမယ်။ ဒီဘုရားခြောက်ဆူဟာ မြေပေါ် ပေါ်လာတာနဲ့ တစ်ပြိုင်နက်တည်း သာသနာတစ်ဝက်လဲပြီး အရိမေတ္တေယျ ကိုယ်တော်ကြီးရဲ့ သာသနာထဲကို ရောက်ရှိခဲ့သလို ဗုဒ္ဓသာသနာက အသစ်တစ်ဖန် ထွန်းတောက်လာလိမ့်မယ်။ ကမ္ဘာတစ်ဝန်းလုံး တစ်ချိန်ကျရင် ဗုဒ္ဓဘာသာကို ဆည်းကပ် လက်ခံလာကြလိမ့်မယ်။ အဲဒီအချိန်မှာ တစ်ကမ္ဘာလုံး ဗုဒ္ဓဘာသာ တစ်ဘာသာထဲ ရှိသလို မင်းဟာလည်း တစ်မင်းတည်း ရှိမယ်။ လူတွေ မကြာခဏ ပြောနေကြတဲ့ ဗုဒ္ဓရာဇာ မင်းဟာ အဲ့ဒီအချိန်မှာ အထင်အရှား ပေါ်ပေါက်အုပ်စိုးလိမ့်မယ်"

ရှေ့ရေးများကို အဖေနွဲ့သည် အသေးစိတ်မှာကြားလိုက်ရင်း...

"လုပ်ငန်းစဉ်ကို နေကောင်းတဲ့အခိုက်၊ အခွင့်သာခိုက်မှာ ဖိလုပ်ကြ။ ကိုယ့်ကိုယ်ကို နည်းနည်းမှ မသနားနဲ့၊ မညှာနဲ့၊ ဖိဖိစီးစီးလုပ်ကြ။ အနေကျပ်မှ အသေချောင်မယ်။ တာဝန်မကျေပွန်ခဲ့တဲ့ ပါရမီရှင်တွေဟာ သေဆုံးတဲ့အခါမှာ အလုပ်အကြွေးတင်ရင် ငရဲမရောက်ပေမဲ့ ဗျာဒိတ်ပေး ဘုရားမှာ နတ်ဝိဇ္ဇာလက်ကို အအပ်ခံရပြီး။ မဟာဒဏ်အဖြစ်ဆက်ပြီး လုပ်ငန်းလုပ်ကြရတယ်။ ဒီအချိန်ကျမှ ကျုပ်ကိုတပြီး ငိုရင်လည်း ကျုပ်မကယ်နိုင်ဘူး။ မှတ်ထားကြ၊ အနေချောင်ရင် အသေကျပ်မယ်။ အနေကျပ်ရင် အသေချောင်မယ် ကြိုက်ရာရွေးကြ။ ကိုယ်လုပ်လာခဲ့တဲ့ ပါရမီတွေ နှမြောရင်၊ ဘုရားကိုယ်တော်ကြီးကို ချစ်မြတ်နိုးရင် ဘုရားစကား ကြပ်ကြပ်နားထောင်ကျင့်သုံး လိုက်နာကြပါ"

"လူသေလို့ လူမဖြစ်ဘူး။ သိပ်အထင်မကြီးကြပါနဲ့။ အပါယ်လေးဘုံမှာချည်းများတယ်။ ဆင်ကောင်ကြီးတွေ့နေမှ ဆင်ခြေရာ မရှာချင်ကြနဲ့၊ ခြေလှမ်းမမှားကြနဲ့"

ပြောဆိုဆုံးမ ဩဝါဒများ ပေးအပ်နေပါသည်။

mgyoe.com

mgyoe.com

# သီလ၊ သမာဓိ၊ ပညာ

ဆရာကြီး ဦးသာနွံ့သည် မြန်မာလူမျိုးမဟုတ်ပါ။ ကမ္ဘောဇမှ ရှမ်းအမျိုးသား တစ်ဦးဖြစ်၍ ညောင်လေးပင် ပုစွန်မြောင်းရွာတွင် ကြီးပြင်းလာခဲ့ရသူ ဖြစ်ပါသည်။ သူ၏ ဖခင်မှာ ဦးကုလားဟူ၍ မြန်မာနာမည်ရှိခဲ့သော်လည်း အတိအကျ စုံစမ်းရာတွင် 'စောကုလား' ဟူ၍ ခေါ်ကြောင်း သိရပါသည်။ မိခင်မှာဒေါ်ညိုဖြစ်၍ အဖေနွံ့က သူ၏ အဖိုးမှာ 'ဘိုးစိန်' သို့မဟုတ် 'စောစိန်' ဖြစ်ကြောင်း ပြောခဲ့ပါသည်။

ဗြိတိသျှနယ်ချဲ့အစိုးရ မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ရှမ်းပြည်နယ်ကို ဆက်လက်သိမ်းပိုက်ရာ၌ သူ့ကျွန်မခံလိုသော ရှမ်းစော်ဘွားများနှင့် အမျိုးသားများက မျိုးချစ်စိတ်ဓာတ် ပြင်းပြသူများပီပီ ခုခံတိုက်ခိုက်ကြသည်တွင် လက်နက်အားကိုးနှင့် အင်ပါရာ ထူထောင်နေသော ဗြိတိသျှ အစိုးရက ရှမ်းအမျိုးသားများကို ပရိယာယ်အမျိုးမျိုးဆင်ကာ နှိမ်နင်းခဲ့ပြီး အဖေနွံ့တို့၏ဖခင် စောကုလားနှင့် မိသားစုဆွေမျိုးများကို မြန်မာပြည် ညောင်လေးပင်ဒေသသို့ နယ်နှင်ခြင်းခံရသည့် အကျဉ်းသားများအဖြစ် ရွှေ့ပြောင်းထားခဲ့လေသည်။ အဖေနွံ့၏ ဖခင်ကြီးသည် စိတ်ဓာတ်မလျှော့ဘဲ ကုလားဖြူများကို တစ်နေ့တွင် လက်နက်ကို လက်နက်ချင်း ပြန်၍တိုက်ကြရန်အလို့ငှာ သားသမီးများကို ကိုယ်ခံသိုင်း ဗန်တို ပညာရပ်များကို သင်ကြား တတ်မြောက်စေသည် သာမက ဓားပြီး၊ တုတ်ပြီး ဆေးဝါးများကိုလည်း ထိုးနှံပေးခဲ့လေသည်။ ထို့ကြောင့်လည်း ပုစွန်မြောင်းဒေသ တစ်ဝိုက်တို့တွင် အဖေနွံ့ကို ကာလသားများက ဝိုင်း၍ ဆရာတင်ကြလေသည်။ အဖေနွံ့သည် ခေါင်းဆောင် ပီသသော စိတ်ဓာတ်သစ္စာရှိသလို ငယ်သားများအပေါ်၌ သည်းခံ၍ စောင့်ရှောက်တတ်ရုံမကဘဲ သေနတ်၊ ဓား၊ လှံပြီးစီး သောကြောင့် ဖြစ်ပေသည်။

mgyoe.com

mgyee.com

မည်သူမဆို မိမိအား ကြိုက်ရာပုဆိန်နှင့် ပေါက်နိုင်သည်။ တစ်ခါပေါက်လျှင် ငွေငါးကျပ်ပေးရမည်။ ပုဆိန်လက်ချက်ကြောင့် မိမိဒဏ်ရာရသည်ဖြစ်စေ၊ သေဆုံးသည်ဖြစ်စေ မိမိတာဝန်ယူကြောင်း စာချုပ်လက်မှတ်ရေးထိုး၍ ပုဆိန်အပေါက်ခံကြောင်း ကြေညာရာ လက်တွေ့စမ်းသပ်လိုသော ကာလသားများက ပုဆိန်နှင့် ဖိကာစီးကာ တအားပေါက်ကြပေသည်။ အဖေနွဲ့သည် မဖြုံမယိုင်တမ်း သွေးတစ်စက်မှ မထွက်ဘဲ၊ မပေါက်မပြဲဘဲ ပုဆိန်ဒဏ်ကို ခံနိုင်သည်ကြောင့် ကာလသားများက ဆရာတင်ကြလေသည်။ ရပ်ရွာထဲ၌ အမြင်မတော် မျက်စိရှုပ်အောင် တစ်ရပ်တစ်ပါးက ငွေကြေးအားကိုး၊ အာဏာအားကိုးနှင့် စော်ကားမော်ကား လုပ်ခဲ့ပါလျှင် အဖေနွဲ့သည် လက်မနေးပေ။ ညအချိန် ချောင်းမြောင်း ရိုက်နှက်ခြင်း မဟုတ်ဘဲ နေ့ခင်းပြောင်တလင်း၌ပင် လူမြင်သူမြင် စိန်ခေါ်ပွဲတောင်း၍ ကြိုက်ရာလက်နက်ဖြင့် ဖြေရှင်းလေ့ရှိသည်။

မောင်သာနွဲ့၏ လက်သံပြောင်မြောက်မှုသတင်းမှာ အဖေရှင်နှင့် တွေ့သည့်အချိန်အထိ၊ အိမ်ထောင်ရက်သား ကျသည်အထိ ကြီးထွားခဲ့သလို အဖေနွဲ့၏ ပါရမီဖြည့်ဖက်ဖြစ်သူ ဒေါ်လှပုကလည်း အဖေနွဲ့ကို ကြောက်ချစ်ရိုသေ ခံရပေ၏။

တစ်နေ့တွင် ဦးသာနွဲ့ရှိရာ အုတ်တွင်းမြို့ မိုးကောင်းဘုရားဘက်ဆီသို့ ဗလကောင်းကောင်း၊ အရပ်မြင့်မြင့်၊ တုတ်ခိုင်သော ကိုယ်လုံးသဏ္ဍာန်ဖြင့် အရွယ်လိုပုဂ္ဂိုလ်တစ်ဦးသည် တုတ်ကြီးတစ်ချောင်းတွင် အထုပ်ကြီးတစ်ထုပ်ကို လျှို၍ထမ်းရင်း ဝင်ရောက်လာသည်။ ထိုပုဂ္ဂိုလ်ကြီးသည် စူးရှတင်းမာသော မျက်လုံးကြီးများနှင့် တစ်စုံတစ်ယောက်ကို ရှာဖွေလျက်ရှိနေပါသည်။ သူ၏ ဝတ်စားပုံမှာလည်း တစ်မျိုးထင်စရာ အရူးအသွင်သဏ္ဍာန်များ အရှင်းသား ပေါ်နေပါသည်။ တိုက်ပုံအကျႌ အဖြူတစ်ဖက် အကြားတစ်ဖက် ဆက်စပ်၍ ချုပ်ထားသလို၊ ခြေ၌လည်း ခြေညှပ်ဖိနပ်တစ်ဖက် ခုံဖိနပ်တစ်ဖက် စီးနင်းထားသည်ကို တွေ့ရပေ၏။

မကြာမီ ကိုသာနွဲ့က ထိုထူးဆန်းသော လူကြီးရှေ့မှောက်သို့ ရောက်ရှိလာသည်တွင် ထိုလူကြီးက ကိုသာနွဲ့၏ မျက်နှာကို တစ်ချက် စိုက်ကြည့်လိုက်ပြီးနောက်–

"အမယ်၊ မင်း အခုမှ လာတွေ့သလား" မာန်မဲလိုက်ရာ ကိုသာနွဲ့သည် မည်သို့ဖြစ်သွားသည် မသိရဘဲ ရယ်နေရာမှ ပုဆစ်ဒူးတုပ် ထိုင်၍ချလိုက်ရာ ထိုလူကြီးသည် "မင်းကို ရှာလိုက်ရတာ ငါ သိပ်ပင်ပန်းနေတယ်ဟေ့"

ပြောပြောဆိုဆိုနှင့် ကိုသာနွဲ့၏ မျက်နှာကို ခြေဖြင့်ပိတ်၍ ကန်ချလိုက်ရာ ကိုသာနွဲ့သည် နောက်သို့ ပက်လက်လန်၍ ကျသွားပါသည်။ ဤတွင် စက္ကန့်ပိုင်းအတွင်း၌ ကိုသာနွဲ့၏ ဦးနှောက်ထဲ၌ အသိစိတ် ဓာတ်ခန်းတစ်ရပ် ပေါ်ထွက်လာပါသည်။ ထိုခြေ

mgyee.com

mgyoe.com
ဖြင့် ရက်ရက်စက်စက် ကန်ချလိုက်သည့်ပုဂ္ဂိုလ်ကြီးကို ဒေါသဖြစ်ရမည့်အစား ဘဝ ဘဝ သံသရာ အဆက်ဆက်က ကျေးဇူးရှင် ဆရာသမားကြီးအဖြစ်၊ ပျောက်ကွယ်နေခဲ့သော မိဘအဖြစ် ချက်ခြင်း သတိရမိကာ အလွန်ရိုသေစွာဖြင့် လက်အုပ်ချီကာ ကန်တော့လိုက်ရှာသည်။

ထိုအရူးလိုလို ပုဂ္ဂိုလ်ကြီးမှာ မန္တလေးမှဆင်းလာခဲ့သော လေးကြိုးကိုင် အဖေရှင် သို့မဟုတ် မန္တလေး တစ်လျှောက်တွင် 'ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်သွား' ဟူသော ဆောင်ပုဒ်ကိုဆိုရင်း သာသနာပြုနေသော ဆရာကြီးပင် ဖြစ်ပါသည်။

ဆရာရှင်ကြီးသည် ဦးသာနွဲ့၏မျက်နှာကို စိုက်၍ကြည့်လိုက်ရင်းမှ...

"အမယ် အမယ်၊ မင်းကိုယ်မင်း သိပ်အထင်ကြီးနေတယ်ပေါ့လေ။ မင်းဝမ်းထဲ၊ ဗိုက်ထဲကဟာတွေက မင်းကို ငရဲပြည်ပို့မှာတွေ၊ အနုတ်စုတ် ဂုတ်စုတ် အဆောင်တွေကွ။ ကဲကွာ၊ ငါ့ရှေ့မှာ ခု အန်ချလိုက်စမ်း ကြာတယ်ဟေ့"

အမိန့်ပေးလိုက်ပါ၏။ ကိုသာနွဲ့သည် သူ၏ဖခင်ကိုယ်တိုင် အချိန်ရတိုင်း သွင်းပေးထားသော ထိုးပေးထားသည့်စက်များ၊ လက်ဖွဲ့ ကာယသိဒ္ဓိအင်းများသည် တဖြည်းဖြည်းချင်း ပါးစပ်တွင်းမှ အန်ချလိုက်ရပေ၏။

"ဟေ့ ငါ့သား၊ ဒီဟာတွေ သိပ်နှမြောမနေနဲ့။ ဒီ့ထက်အဆပေါင်းများစွာ တန်ဖိုးရှိတဲ့ အဆောင်တွေ၊ အင်းတွေ ပေးမယ်။ တောင်းပါ၊ မင်းလိုချင်ရာတောင်းစမ်း၊ စဉ်းစားပြီးမှ တောင်းကွာ။ အပါယ်ကို လားစေမယ့်ဟာတွေ မပါစေနဲ့။ ကြားရဲ့လား သားရယ်" ပြောလိုက်သည်တွင် အဖေနွဲ့သည် လေးလေးနက်နက် စဉ်းစားလိုက်ပြီးမှ–

"သတ္တဝါတွေကို ကယ်တင်နိုင်ပြီး ရှေ့ဆောင် လမ်းပြနိုင်တဲ့ သာသနာပြုတာဝန်နဲ့ နိဗ္ဗာန်ကိုရောက်အောင် ကူးနိုင်တဲ့ နည်းလမ်းပေးပါ အဘ"

တောင်းပန်လိုက်ရာ အဖေရှင်သည် "အောင်ပြီဟေ့ အောင်ပြီ" ဟူ၍ သုံးကြိမ်ကြွေးကြော်ကာ လက်ပမ်းပေါက်ခတ်လိုက်ပြီးနောက် "ဒါဖြင့် အဘနောက်ကို လူလေးလိုက်ခဲ့ပေတော့၊ အဆင်သင့် ဖြစ်ရဲ့လား သားရယ်" မေးမြန်းလိုက်ရာ ဦးသာနွဲ့သည် ဆုတ်မဆိုင်းပင် "လိုက်ပါ့မယ် အဘ၊ ခုပဲ သွားကြစို့လား"

နှုတ်မှ ကတိပေးလိုက်တော့သည်။

ဤတွင် အဖေရှင်သည် မိုးကောင်းဘုရား အတွင်း၌ ဦးသာနွဲ့အား ငါးပါးသီလ ရှေ့ကတိုင်၍ပေးပြီး သူ၏ပုတီးကြီးကို အဓိဋ္ဌာန်ဖြင့်အစိပ်ခိုင်းလိုက်သည်။

အဖေနွဲ့သည် ပုတီးစိပ်ရင်း သူ၏ဖခင် မှာကြားခဲ့သည့် အချက်အလက်များက ခေါင်းထဲသို့ ဝင်ရောက်လာပြန်ပါသည်။
mgyoe.com

"ငါ့သားကို စော်ဘွားဆွေမျိုးတစ်သိုက်လို ကြက်တွေ၊ ငှက်တွေလို ကြိုးနဲ့ တုပ်ပြီး ဖမ်းဆီးပြီး နယ်နှင်ဒဏ်ပေးခဲ့တဲ့ မိစ္ဆာတိတ္ထိကုလားဖြူတွေကို တစ်နေ့နေ့မှာ မင်းလက်စားပြန်ချေရမယ်၊ တိုက်ခိုက်တော်လှန်ပစ်ရမယ်" ဟုသာ ထပ်တလဲလဲ မှာကြားခဲ့သည်။

ဖခင် ဖြစ်သူ၏ သတိပေးစကားသံပင် ဖြစ်ပါသည်။ ဤတွင် ဦးသာနွဲ့သည် ချီတုံချတုံနှင့် စိတ်လှုပ်ရှား၍ ယိမ်းပါးလာပါသည်။

"ဟေ့ လူကလေး၊ ယောက်ျားဆိုတာ ပေးပြီးတဲ့ကတိစကားကို တည်မှပေါ့ကွ၊ ငါ့စကားနဲ့ ခိုင်းစေချက်ဟာ မင်းအဖေစကားထက် ခရီးရောက်ပြီး သတ္တဝါတွေ ကယ်တင်နိုင်ဖို့၊ သာသနာပြုနိုင်ဖို့။ သာသနာပြုနိုင်ဖို့ အဓိကဖြစ်နေတာမို့ မင်းအဖေရဲ့ စကားတွေကို ပယ်လိုက်ပါကွာ။ ငါပြောတာတွေ မြဲမြဲမှတ်ထား။ မင်း မကြာခင် အဘစကားတွေ သိပ်တန်ဖိုးရှိကြောင်း မင်းကိုယ်တွေ့ ကြုံလာမယ်။ မင်းဘာသာ သိလာလိမ့်မယ်။ ကိုင်း အဓိဋ္ဌာန်ဆက်လုပ်စမ်း။ ဘာမဟုတ်တဲ့ ဝိတက် ဝိစာရတွေ ပယ်ထုတ်ပစ်လိုက်။ ငရဲဘက်ကိုချည်း ဆွဲခေါ်နေတဲ့ စိတ်ယုတ်မာတွေပါကွာ"

ချက်ခြင်းပင် အဖေရှင်က မနောပိုင်သူပီပီ သားတပည့် အသစ်ကလေးကိုသာနွဲ့ကို အားပေးခေါ်ဆောင်လိုက်ပါသည်။

သူတို့ ဆရာတပည့်နှစ်ဦးသည် မန္တလေးမှအထွက် နာမည်ကြီးသလောက် အရောက်အပေါက် နည်းလှသည့်၊ ရောက်ခဲလှသည့် မဟာမြိုင်စခန်းသို့ မဟိဒ္ဓိကြီးများ၏ စကားအစည်းအဝေးသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခဲ့ရ၏။ ထူးခြားလှသည့် ပုဂ္ဂိုလ်သုံးဦးတို့ တာဝန်များ အသီးသီးပေးကာ ဝင်ရပ်ပုဂ္ဂိုလ်အဖြစ် အဖေနွဲ့သည် မန္တလေးစိန်ပန်းရပ်ရှိ အဖေဦးချမ်းလှိုင်အိမ်သို့ ရောက်ရှိခဲ့ရပြန်ပါသည်။

ဂေါဝိန်ဆိပ်၊ စိန်ပန်းရပ်၊ ကွမ်းပုံဈေးအနီး ဝါဆိုကျောင်းတိုက်နှင့် မနီးမဝေး၌ ရှိခဲ့သော ဆရာကြီး ဦးချမ်းလှိုင်သည် ဓမ္မဝိဇ္ဇာဆရာကြီးပီပီ သာသနာပြုလျက် လာသမျှ ပရိသတ်များကို တရားဓမ္မ ဟောကြားခြင်း ရှင်းလင်းပြောပြကာ တရားနတ်စည် ဆော်တီးလျက် ရှိနေခိုက်ပင်။

ထူးထူးဆန်းဆန်းပင် ဆရာကြီး ဦးချမ်းလှိုင်၏ နေအိမ်ရှေ့ကပြင်နှင့် အိမ်ပတ်လည် တစ်ဝိုက်၌ ပစ္စည်းမျိုးစုံကို တွေ့နိုင်ပေ၏။ ရက်ကန်းစင်၊ ရုပ်ကြီးရုပ်များ၊ မြန်မာမင်းခမ်းနားများ၊ နဲ့ကြီးများ၊ စည်တော်ကြီးများ၊ တင်းတောင်း စလယ်များသည် အတော်အံ့အားသင့်စရာ ပြည့်ကျပ်လျက် တွေ့ရပေ၏။

ဆရာကြီးဦးချစ်လှိုင်၏ အတွင်းသဘော စိတ်ခန်း၊ စိတ်ဓာတ်ရင်းကို မသိသူ။ လူစိမ်းများအဖို့ ဦးချမ်းလှိုင်နှင့် လာရောက်၍ ဓမ္မဝိဇ္ဇာလုပ်ငန်း ဆွေးနွေးသူများတို့၏

mgyoe.com

အချီအချ ပြောဆိုပုံများကို ကြားလိုက်ရာတွင် အထင်လွဲစရာ၊ နားရှက်စရာ အသံများ ပေါ်ထွက်နေတော့သည်။

ဆရာကြီး ဦးချမ်းလှိုင်သည် သူ၏ရှေ့၌ ပုဆစ်ဒူးချ တရိုတသေထိုင်ကာ ကန်တော့နေသော ညိုယဉ်ချောနှင့် အသက်နှစ်ဆယ်ခန့် အမျိုးသမီးလေးကို တစ်ချက်ကြည့်လိုက်ပြီး ခေါင်းတစ်ချက် ညိတ်ကာ။

"ဟဲ့ သူငယ်မလေး၊ မင်းပုံကို ငါမြင်ရုံနဲ့ ကြိုက်ပြီဟေ့"

ဟု လွတ်ခနဲ ပြောလိုက်ရာ သူငယ်မလေးသည် ဆုတ်မဆိုင်းပင် "ဆရာကြီးကိုလည်း ကျွန်မမြင်ရုံနဲ့ ကြိုက်ပါပြီ" ခပ်အေးအေး လေသံဖြင့် ပြောလိုက်သည်။

ဆရာကြီး ဦးချမ်းလှိုင်နှင့် ပါရမီဖြစ်လာမည့် လုံမပျိုတို့သည် အတွင်းစကားပြောနည်းအရ ပြောဆိုနေခြင်းသာ ဖြစ်သည်။ ဆရာကြီးက ကလေးမ၏ စိတ်ဓာတ်ပါရမီနှင့် ဘဝဆက်များကို အသိဉာဏ်မျက်စိများနှင့် အစအဆုံးကြည့်လိုက်ပြီးမှ ကလေးမကို လုပ်ငန်းစဉ်တွင် လက်ခံရန် သဘောကျကြောင်း ပြောလိုက်သည်။ ကလေးမလေးလည်း ပါရမီရှိသူပီပီ ချက်ချင်းအဓိပ္ပာယ်ပေါက်ကာ ဆရာကြီးဦးချမ်းလှိုင်ပေးအပ်မည့် လုပ်ငန်းစဉ်ကို လက်ခံနှစ်သက်ကြောင်း ဝန်ခံလိုက်ခြင်းသာ ဖြစ်ပါသည်။ ရုတ်တရက် အဓိပ္ပာယ်မသိသူ အတွင်းစကားပြောနည်း။ မသိသူများအဖို့ အဘိုးကြီးနှင့် သူငယ်မတို့သည် မဟုတ်မဟတ် အရှုပ်ဇာတ်ခင်းကာ ချစ်တင်းဆိုနေကြသည်ဟူ၍ အထင်မှားစရာပင်။

ဦးချမ်းလှိုင်ရှေ့မှောက်၌ ပုဆစ်ဒူးတုပ်ထိုင်ကာ ကန်တော့နေသော ဦးသာနွဲ့ကို ဦးချမ်းလှိုင်က "ကျုပ်တပည့်ကြီးတွေ လုပ်ငန်းတွေ များပြားလှတယ်။ အင်မတန်မှလည်း သည်းခံစိတ်တွေ ထားရလိမ့်မယ်။ ပါရမီလမ်းဆိုတာ ရေရှည်လမ်း၊ ပါရမီ ဖြည့်တင်းရတဲ့ ဘုရားလောင်း သူတော်ကောင်းကြီးတွေ သွားရမယ့်လမ်းမကြီး ဖြစ်တယ်"

မိန့်မှာလိုက်ပြီး "ကျုပ်သားကြီး ခုအချိန်ကစပြီး ဝတ်ဆင်ထားတဲ့ အဝတ်ဖြူစွန့်လိုက်ပေတော့၊ သာမန် လူတွေနဲ့ရောလို့ ကောင်းတဲ့ အဝတ်တန်ဆာတွေ ကျုပ်ကိုယ်တိုင် ဆင်သပေးရလိမ့်မယ်ဗျား"

စသည်ဖြင့် လူသူတော် အဝတ်အစား အဖြူဝတ်စုံကို ဝတ်ကြောင်းအဝတ်အစားများနှင့် လဲလှယ်ဆင်သရန် အကြောင်းကြားလိုက်သည်။

ဦးသာနွဲ့သည် ဆရာကြီးအမိန့်အတိုင်း မြေဝယ်မကျနားထောင်ပါမည်ဖြစ်ကြောင်း ရဲဝံ့စွာ ကတိဝန်ခံချက် ပေးအပ်ပါသည်။

မကြာမီ အဖေဦးချမ်းလှိုင် ကိုယ်တိုင် ဈေးချိုတော်သို့ သွားရောက်၍ အဝတ်အစား

mgyoe.com

mgyoe.com

အသစ်များကို ဝယ်ယူခဲ့ပြီး ဦးချမ်းလှိုင်၏ အိပ်စက်ရာ အတွင်းခန်းသို့ ဦးသာနွဲ့ကို ခေါ်ဆောင်သွားပြီး ရှေ့မှန်နောက်မှန်ကြီးများ အတွင်း၌ ဦးသာနွဲ့ကို နေရာချထားကာ အဝါနုရောင်ပန်းပွင့်များနှင့် ခေါင်းပေါင်းကိုလည်းကောင်း၊ ရင်ဖုံး၊ ပိုးအင်္ကျီနှင့် အတွင်းခံ လက်ရှည်အဖြူရောင်အင်္ကျီ၊ ကြိုးကြီးချိတ်ပိုးလုံချည်၊ တောင်ရှည်တို့ကို တစ်ခုချင်းထုတ်ကာ ဦးသာနွဲ့အား ဆင်ယင်စေပြီး ဦးချမ်းလှိုင် ကိုယ်တိုင်တစ်ချက် တစ်ချက် ဟောဒီလိုဝတ်၊ ဟောဒီလိုဆွဲချ စသည်ဖြင့် သင်ကြားပြသနေပါသည်။

"တို့သုံးဆယ့်တစ်ဘုံ အလုပ်ဆိုတာ လူပရိသတ်အများကြီးထဲမှာ ဝင်ပြီး ဆောက်လုပ်ရမယ့် လုပ်ငန်းစဉ် ဖြစ်လေတော့ ကိုယ်က တသီးတခြား အဝတ်ဖြူကြီး ဝတ်ပြီး နေရင် သိပ်မသင့်တော်ဘူး သားရယ်၊ အဲဒီတော့ ခုလိုဝတ်ကြောင်ကို ဝတ်ပြီး တရားဟောချွတ်ဆုံးမပြီး ပါရမီလမ်းကို ခေါ်ပေတော့၊ မူလစိတ်လို မဂ်စိတ်၊ ဖိုလ်စိတ်နှင့်ပြုပြင်ပြီး လုပ်ကိုင်သွားပါ၊ ငါ့သားကြီး ကောင်းကောင်းလုပ်တတ်ပါတယ်။ ပါရမီမှာ ငါ့သားကြီးလို ဒို့ပြင်ပုဂ္ဂိုလ်တွေ တုမမီနိုင်အောင် ကြီးမားမြင့်မြတ်ပါပေတယ်" မှာကြားလိုက်လေသည်။

ဆရာကြီး ဦးချမ်းလှိုင်၏ ပါရမီဖြည့်ဖက် ဆရာကတော်ကြီးသည် ထမင်းစားချိန်တွင် ထမင်းပွဲများကို အိမ်ရှေ့ဧည့်ခန်းတွင် ခင်းကျင်း၍ ထမင်းပွဲပြင်ပြီးကြောင်း ဦးချမ်းလှိုင်ထံသို့ အကြောင်းကြားလိုက်ရာ ဆရာကြီး ချက်ချင်းထ၍လာပြီး ထမင်းပွဲဆီသို့ လွှဲအပ်လိုက်ပြီး။

"ဟဲ့ မယ်မင်း မိုက်ပါဘိတော့တယ်၊ ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ဆိုတာ ညည်းမရိပ်မိဘူးလား။ ငါ့တပည့်ကို ကျွေးမွေးရမယ့် နေရာဟာ ဒီနေရာ မဟုတ်ဘူး။ ဒီလို အဆင့်အတန်းနဲ့ကျွေးဖို့ မဟုတ်ဘူးရှင်မရယ်" အရေးတကြီး သတိပေးလိုက်သည်တွင် ဆရာကတော်ကြီးသည် ပါရမီရှိသူပီပီ ချက်ချင်း ထမင်းပွဲများကို နောက်တပည့်များနှင့် အမြန်ဆုံး သိမ်းဆည်းလိုက်ပြီး ကွမ်းတစ်ယာညက်ခန့်အကြာ၌ ရှေ့မှောက်သို့ အရုံသင့်ဖြစ်ကြောင်း၊ အစီရင်ခံလိုက်ရာ ဆရာတပည့်နှစ်ဦးသည် ဦးချမ်းလှိုင်၏ မျှော်မှန်းသောအိမ်တွင်းပိုင်းရှိ အထက်ပိုင်းအခန်းကြီး တစ်ခန်းအတွင်းသို့ ရှေ့ဆောင်ကာ ဦးသာနွဲ့ကို ခေါ်ယူသွားပါသည်။ ဦးသာနွဲ့သည် ထိုအခန်းကျယ်ကြီး အတွင်းသို့ ရောက်ရှိသွားစဉ် ရုတ်တရက် အံ့အားသင့်မိသည်။ ပညာရှိသူပီပီ ဣန္ဒြေဆယ်ကာ ဆရာကြီးအမိန့်ကို စောင့်နေသည်။

ဦးချမ်းလှိုင်က ဦးသာနွဲ့အား ထိုအထွတ်အမြတ်နေရာ သို့မဟုတ် လောကီသားများအဖို့ တချို့က ဦးဆိုက်ကန်တော့ရမည့်နေရာပေါ်သို့ တက်ရောက်နေရာယူစေပြီး

mgyoe.com

mgyoe.com
နောက်ပွဲတော်အုပ်ကို သူကိုယ်တိုင်ပေးအပ်ကာ နံနက်စာစားသောက်စေသည်။

"ငါ့သားဟာ ဘဝအဆက်ဆက်တွေက ဤကဲ့သို့သော ဘုန်းကံကြီးမားလှသော ဘဝမျိုးများဖြင့် သာသနာပြုခဲ့ပြီး အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက် အုပ်ချုပ်ခဲ့သူပီပီ ယခုဘဝ၌လည်း ရှေ့အစဉ်အလာမပျက် တာဝန်ယူဆောင်စေသ တည်း" သစ္စာဓိဋ္ဌာန်ပြုကာ ဦးသာနွဲ့အား ဂုဏ်ပြုမင်္ဂလာ ဥဒါန်းပြောကြား လိုက်လေ သည်။

ဦးချမ်းလှိုင်အိမ်တော်သို့ ရောက်ရှိလာကြသည့် ဧည့်သည်တိုင်းအဖို့ ဆရာကြီး သည် လောကဓာတ် ပိုင်နိုင်သူပီပီ တွက်ချက်၍ ကျရာဓာတ်ဇယားအတိုင်း ဟင်းများ၊ ထမင်းများကို ချက်ကျွေးလေသည်။ တစ်ခါတစ်ရံ ဝက်သားနှင့်ပဲသီးရောနှောသော ဟင်းများ၊ တချို့ပုဂ္ဂိုလ်များအား အချဉ်ဟင်း၊ ဘူးသီးပြုတ် စသည်ဖြင့် ထိုပုဂ္ဂိုလ် တပည့် သား၏ ကျရာဓာတ်ဇယားအတိုင်း ကျွေးမွေးသည်။ ဆင်းရဲချမ်းသာ လိုက်၍ ကျွေးသည် မဟုတ်ဘဲ နေ့နာမ်ဓာတ်တိုင်အတိုင်း တွက်ချက်၍ ကျရာ ဓာတ်စာများကို အဓိကထား၍ ကျွေးမွေးကြောင်း သိရလေသည်။

အဖေနွဲ့၏ လုပ်ငန်းစဉ်မှာ နဝဂ်သီလကို ရက်ပိုင်း၊ လပိုင်းအတိုင်း တင်းတင်း ကျပ်ကျပ် စောင့်ထိန်းရသလို ၃၁–ဘုံ မေတ္တာပို့ရခြင်း၊ သာသနာစောင့် ပုဂ္ဂိုလ် မဟိဒ္ဓိ ဆရာကြီးများကို မေတ္တာပို့ရခြင်း၊ ဘိုးတော်ဝါသဝနှင့် နတ်ကြီးလေးပါး သူရဿတီ မယ်တော် အစရှိသည့် မဏိမေခလာ၊ ထီးချက်စောင့် မယ်တော်တို့ကို မေတ္တာပို့ရလေ သည်။

သမထဝိပဿနာလုပ်ငန်းစဉ်များကို ပြင်းပြင်းထန်ထန် ဆောက်တည်ပြီး သတ်သတ်လွတ်စားကာ ကမ္မဋ္ဌာန်းဘာဝနာတို့ကို ပွားများလေ့ကျင့်နေရလေသည်။

"သီလ၊ သမာဓိ၊ ပညာစခန်းဆိုတာ အင်မတန် အဓိပ္ပာယ်လေးနက်လှတယ်။ သီလ ဆောက်တည်ခြင်း၊ ကျင့်သုံးခြင်း ပြုနိုင်မှသာ သမာဓိတရားရနိုင်တယ်။ သီလမ ဆောက်တည်ဘဲ သမာဓိရတယ်ဆိုတာ လူရယ်စရာစကားတွေကွ။ သမာဓိရရှိမှ ကိုယ် လိုချင်တဲ့ မဂ်ပညာ၊ ဖိုလ်ပညာ၊ လောကုတ္တရာ ပညာရပ်တွေရတယ်။ နောက်ပြီးတော့ လူငယ်ပိုင်းက တောင်တော်လိုချင်နေကြတဲ့ သိဒ္ဓိစခန်းက ပညာရပ်တွေ ရနိုင်တယ်။ ဥပမာ–ဆေးပညာ၊ အင်းပညာ၊ စမပညာတွေဟာ သမာဓိတရားကို အခြေခံတယ်။ သမာဓိ ပေါက်ရောက်အောင်မြင်တယ်။

"အင်းပညာ၊ ဆေးပညာ၊ စ–မပညာတွေဟာ လောကီပညာသက်သက်ပဲ၊ တန်ခိုး သိဒ္ဓိနဲ့ပတ်သက်တယ်။ နတ်အကူ ဝိဇ္ဇာအကူအညီတွေယူပြီး လုပ်ဆောင်ရတဲ့ ပညာရပ်
mgyoe.com

တွေပဲ။ ပထမဦးဆုံး အကူအညီရယူနိုင်အောင် သီလ၊ သမာဓိ စင်ကြယ်အောင် လုပ်ကြဖို့ လိုတယ်”

ကျွန်တော်က အခ်ိပ္ပာယ်မပေါက်၊ နားမလည်သဖြင့် အဖေနွဲ့အား “ဘယ်လိုအကူအညီလဲ အဘ၊ သူတို့က တန်ခိုးသိဒ္ဓိ ပေးပါသလား ခင်ဗျား” မေးမြန်းပါသည်။

“သာမန်လူတစ်ယောက်ကို နတ်ရော၊ ဝိဇ္ဇာရော ဘယ်လိုမှ မကူနိုင်ဘူး။ အရက်သောက်၊ အကျင့်ပျက်၊ ကာမေသုမိစ္ဆာကံတွေ ကျူးလွန်ရင် ဒီလိုလူမျိုးဟာ နတ်မပြောနဲ့ သူ့ကိုယ်စောင့်နတ်တောင် မကူဘူး၊ မကယ်ဘူး။ ဒါပေမဲ့ အဲဒီလူယုတ်မာ ဒုသီလမျိုးကို မိစ္ဆာကောင်တွေ၊ တစ္ဆေ၊ သရဲ၊ ပြိတ္တာတွေလည်း အချိန်မရွေး နှိပ်စက်နိုင်တယ်။ ကပ်နိုင်ပူးနိုင်တယ်။

“အကြင်ပုဂ္ဂိုလ်တစ်ဦးအား စိတ္တဝိသုဒ္ဓိ–စိတ်၏ စင်ကြယ်ခြင်း၊ သီလဝိသုဒ္ဓိ–သီတင်းသီလ ဆောက်တည်မှု၏ စင်ကြယ်ခြင်းတွေ ပြည့်စုံလာမယ်ဆိုရင် ရှေးဦးစွာ သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်နိုင်မယ့် တန်ခိုးသိဒ္ဓိဟာ အလိုလို ပေါ်လာနိုင်တယ်။ သူ ပြုလုပ်မယ့် အမှားအမှန်ကို သူ့ရဲ့ကျင့်ဝတ်က ရလဒ်အဖြစ်နဲ့ ထွက်ပေါ်လာတဲ့ သမာဓိတန်ခိုးသတ္တိက ဘေးရံပြီး စောင့်ရှောက်လာတယ်၊ အလိုလိုကာကွယ်လာတယ်။

“ဘာမှ သမာဓိမရှိဘဲ၊ သီလမရှိဘဲ မိမိတပည့်ကို သမာဓိတရားရှိတဲ့ ဆရာလုပ်သူက အင်းစောင့် ဆေးစောင့်အားကိုးနဲ့ ပြုလုပ်ဆောင်ရွက်ပေးခြင်းဟာ အငှားသဘောမျိုး ခေတ္တခဏ အကျိုးပြုခြင်းသာ ဖြစ်စေတယ်။ အငှားတန်ခိုးသတ္တိသာ ဖြစ်တယ်။ အမြဲမရရှိဘူး၊ အမြဲမစောင့်ရှောက်နိုင်ဘူး။ နာရီပိုင်း ရက်ပိုင်းလောက်ပဲ အကျိုးသက်ရောက်စေတယ်။ အကာအကွယ် ပြုလုပ်ပေးလိုက်တဲ့ ဆရာသမားရဲ့ တန်ခိုးသတ္တိနဲ့ သီလ–သမာဓိအပေါ်မှာလည်း တည်တယ်။ တောင်းခံလိုက်တဲ့ တပည့်ရဲ့ သီလ သမာဓိပေါ်မှာလည်း တည်တယ်။ အခကြေးငွေနဲ့ ငှားရမ်းတဲ့ သဘောမျိုးဆန်ဆန်ပေါ့ သားရယ်”

“ကိုယ်တိုင် ဆောက်တည်၊ ကိုယ်တိုင်လုပ်ဆောင်ခြင်းဟာ ကိုယ်ပိုင်လုပ်ငန်းပဲ။ ရတ်တရက်ပျက်ခဲတယ်။ ရရှိတဲ့ တန်ခိုးသတ္တိဟာ အင်မတန်မွန်မြတ်တယ်။ အငှားနဲ့ ကိုယ်ပိုင်တန်ခိုးသတ္တိ ခြားနားချက် နှစ်ရပ်ကို ငါ့သားကြီး ကောင်းစွာ သဘောပေါက်ဖို့ လိုတယ်”

“တို့ ဓမ္မဝိဇ္ဇာတွေရဲ့ ကျင့်စဉ်ဟာ ကိုယ်ပိုင် သမာဓိ တည်ဆောက်ခြင်းပဲ။ မင်းတို့ ငါတို့ဟာ ဘဝအထိုထို သံသရာအဆက်ဆက်က ဆည်းပူးအားထုတ်လာခဲ့ကြတဲ့ ပါရမီတွေ၊ သမာဓိတွေဟာ ထုနဲ့ထည်နဲ့ ကြီးထွားလာပြီး အရိမေတ္တေယျကိုယ်တော်ကြီး ပွင့်တော်မူတဲ့အခါမှာ ဗျာဒိတ်ပန်း ဆင်မြန်းသူတွေက ဗျာဒိတ်တွေရကြတယ်။ အရိမေတ္တေယျ

mgyoe.com

mgyoe.com

ကိုယ်တော်ကြီးရဲ့ ပရိသတ်အဖြစ် ဆုပန်သူ ပုဂ္ဂိုလ်တွေက ကိုယ်တော်ကြီးနဲ့အတူ နိဗ္ဗာန်သောင်ကမ်းကို လိုက်ပါကြလိမ့်မယ်"

"လောကကြီးမှာ ဘာမှမမြဲဘူး၊ ဘာမှမတည်ဘူး၊ ပျက်ကြတာချည်းပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောခဲ့တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားသုံးပါးဟာပဲ တည်မြဲတယ်။ ခိုင်ခံ့တယ်။ တန်ဖိုးအရှိဆုံးပဲ"

စသည်ဖြင့် လောကီပညာရပ်နှင့် ပတ်သက်၍ ပြောကြားပြီး လောကုတ္တရာနိဂုံးဖြင့် အဖေနွဲ့သည် ချုပ်သိမ်းလိုက်သည်။

mgyoe.com

mgyoe.com

# ပေါက်ဆရာ၊ ဝိဇ္ဇာ၊ မဟိဒ္ဓိ၊ အဌာရသရှင်များ

"ရထားတော့ ဝင်လာပြီဗျို့၊ ညှော်သည်တွေများ ပါမလားဘဲ"

ဦးအောင်တင်က မြောက်ဘက် ရေတာရှည်ဘက်မှ ဝင်လာသော လော်ကယ်ရထား ခေါင်းမည်းမည်းကလေးကို ခပ်ဝေးဝေးမှ မြင်ရသည့်အတိုင်း အရေးတကြီး မှတ်ချက် ချလိုက်သည်။

မှန်ပါသည်။ အထက် မန္တလေးဘက်က စုန်လာသော ရထားသည် အုတ်တွင်းဘူ တာတွင်းသို့ ဝင်လာခဲ့ပါပြီ။ စတုတ္ထလော်ကယ် လူစီးတွဲပေါ်မှနေ၍ မျက်မှန်တပ် ထားသော အဝါနုရောင် ခေါင်းပေါင်းကြီးကို ကြော့နေအောင် ပေါင်းထားသူ အဖေနွဲ့ဆီ သို့ ကျွန်တော်တို့သားတပည့်တစ်စုက အရေးတကြီးပြေး၍ ခရီးဦးကြိုပြုလိုက်သည်။ အဖေနွဲ့သည် ခပ်သွက်သွက် ခြေလှမ်းများဖြင့် ရထားပေါ်မှ ဆင်းလာပြီး သူ့နောက်မှ ဦးသံတိုင် (ကျွန်းကုန်း) နှင့် ဦးမောင်လေးတို့ တပည့်နှစ်ဦးလည်း ခပ်သုတ်သုတ် ဆင်းလာသည်။

အဖေနွဲ့သည် ဘူတာတွင်းသို့ ဝင်လိုက်သည့် တစ်ပြိုင်နက်တည်း–

"ဟဲ့–မောင်ဘပု"

အုတ်တွင်းမြို့ မိုးကောင်းဘုရား မင်္ဂလာကန်တော်တွင်ကပ်လျက် ဆောက်လုပ် ထားသော သုဓမ္မာဇရပ်ပေါ်တွင် တာဝန်ယူ စောင့်ရှောက်နေရသော ကျွန်တော်၏ အစ်ကို ကြီး၊ ဆရာကြီး ဦးဘပုကို ခေါ်လိုက်သဖြင့် ဦးဘပုသည်...

"ခင်ဗျား ဆရာကြီး၊ ကျွန်တော် ဒီမှာပါ"

ရေးတကြီး ရှေ့သို့တက်လာခဲ့သည်တွင် အဖေနွဲ့သည် ခပ်တင်းတင်း အသံဖြင့် "မင်းလည်း အလကားကောင်ပဲ။ ပရိသတ်ဝေနေယျကို မအုပ်ထိန်းတတ်ဘူး" ဆက်ကာ

mgyoe.com

အပြစ်တင်လိုက်သည်။

ဆရာဘပုသည် မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် အဖေနွဲ့တပည့်ရင်းသားရင်းဖြစ်ခဲ့သည့် အလျောက်၊ အဖေနွဲ့ကို ကြောက်ချစ်ရိုသေလှသော တပည့်တစ်ဦးဖြစ်ခဲ့သည့်အလျောက် အသာခေါင်းငုံ့ကာ ရပ်နေရှာပါသည်။

“ငါ ခိုင်းခဲ့မှာခဲ့တဲ့လုပ်ငန်းစဉ်အတိုင်း မင်း ပရိသတ်တွေ လုပ်ကြရဲ့လား။ လူတွေကဖြင့်ကွာ သူတော်ကောင်းအနံ့ ရရုံကလေး ရှိသေးတယ်။ ပျင်းလားပျင်းရဲ့၊ ပေါးလားဝါးလားနဲ့ နေကြလား နေကြရဲ့”

ဖိ၍ အပြစ်တင်လိုက်ပြန်ပါသည်။

မည်သည့် တပည့်မှ အဖေနွဲ့ကို မတောင်းပန်ဝံ့ပါ၊ မပြောရဲကြပါ။ အားလုံးကိုရေအားနှင့် ဖိလောင်းလိုက်သလို ငြိမ်သက်နေတော့သည်။

“မောင်ဘပု၊ မင်းတို့လူစု အင်္ဂါနေ့ညက လုပ်ငန်းလုပ်တာ နာရီဝက်နောက်ကျလုပ်တယ်၊ သောကြာနေ့ညလုပ်ငန်းလုပ်ပြီးလိုက် တရားလိုက်နလုံးမသွင်းကြဘဲ ပေါက်ကရစကားတွေ ဝိုင်းဖွဲ့ပြောနေကြတယ်။ ဒါဟာ သူတော်ကောင်းလား” စတင်ကာ ဆူပူရင်း ရှေ့ဆုံးမှ အုတ်တွင်းမြို့အရှေ့ဘက်ဆီသို့ ထွက်လာပါသည်။

မှန်ပေသည်။ ရက်ရက်စက်စက် မှန်ပေသည်။ အင်္ဂါနေ့ညက လုပ်ငန်းလုပ်ရာ၌နာရီဝက်နောက်ကျပြီးမှ လုပ်မိသည်။ ချက်ရေး၊ ပြုတ်ရေး နောက်ကျ၍ ဖြစ်သည်။ သောကြာနေ့ည လုပ်ငန်းစဉ်အပြီး ရပ်ရေးရွာရေးကိစ္စ ပုဂ္ဂိုလ်ရေးတွေပြောပြီး ရယ်လားမောလား လုပ်ခဲ့မိကြသည်။ အဖေနွဲ့ကား ရှေ့ဆုံးမှ သွားရင်း...

“ဟဲ့ ကလေး၊ ဗုဒ္ဓဟူးနေ့ညက လုပ်ငန်းစဉ် လုပ်တုန်းမှာ ဘာလို့စိတ်တွေ ညစ်နေရတာလဲ။ မဟုတ်တာတွေ မစဉ်းစားပါနဲ့။ ငါ့သားကို အဘ ဘယ်နှစ်ခါ ပြောခဲ့သလဲ”

ကျွန်တော့်ဘက်သို့ အလှည့်ကျရောက်ခဲ့ပါသည်။ ကျွန်တော်လည်း အဖေနွဲ့ ၏ကျေးဇူးကို ရိုသေလှ၍–

“အဘ၊ တပည့်တော်မှာ အပြစ်ရှိပါတယ်။ အဲဒီညက ရှေ့ရေးတွေ စဉ်းစားမိပြီးစိတ်ညစ်ခဲ့တာ အမှန်ပါပဲ”

အမှန်အတိုင်း ဝန်ခံလိုက်မိသည်။

“ဟဲ့... မှတ်ထား စိတ်ညစ်တာရော ဝမ်းသာတာရော ဘယ်ဟာမှ မမြဲဘူး။ ဆင်းရဲတာနဲ့ ချမ်းသာတာလည်း မမြဲဘူး။ ကိုယ့်စိတ်ကို အရောင်မဆိုးချင်ကြနဲ့၊ ဒီက ရှေ့စိတ်ကို ပြင်ထားကြစမ်း”

ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် သတိပေးပါသည်။

mgyoe.com

mgyoe.com

ဒုတိယအလှည့်မှာ ဦးအောင်တင် (ချောင်းဖြူ) အလှည့်ကျရောက်ပါတယ်။

"ဟဲ့ အောင်တင်ရဲ့ နင့်စိတ်တွေဟာ အလုပ်လုပ်ရင်း နင့်မိန်းမဆီ ပြန်ရောက်နေတာ ကောင်းသလား အောင်တင်။ နွားစိတ်၊ ဝက်စိတ်တွေ၊ စားဖို့ မေထုံမှီဝဲဖို့ အမြဲသတိရသလို အပါယ်ကို မျက်စောင်းထိုးတဲ့ အကောင်" ဆူပူလိုက်ရာ ဦးအောင်တင်သည် "မှန်ပါတယ်ဘုရား၊ မှန်ပါတယ်။ ဒီက ရှေ့ကို စိတ်တွေပြင်ထားပါ့မယ် အဘရယ်" ပျာပျာသလဲ တောင်းပန်ပါသည်။

တပည့်တစ်ဦးချင်းကိုခေါ်၍ အဖေနွဲ့ မယ်နဲ့ဘုရားဆီသို့ ခုနစ်ရက် ခရီးထွက်ချိန်အတွင်း စိတ်သဘောထားဖောက်ပြန်မှုတွေကို ဖော်ထုတ်၍ အပြစ်တင် ဆုံးမရင်း အုတ်တွင်းမြို့ မိုးကောင်းဘုရားဆီသို့ ခရီးထွက်နေကြပါသည်။

အဖေနွဲ့သည် ကျွန်တော်တို့ တပည့်တွေ ပြုလုပ်သမျှတို့ နာရီပိုင်း၊ အချိန်ပိုင်းနှင့် အကုန်အစင် သိနေတော့သည်။ ဆရာကြီး ဦးဘပုမှာ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်၍ ခေါင်းမဖော်နိုင်အောင် အဖေနွဲ့၏ အပြစ်တင်ဆုံးမခြင်းကို ခံယူနေရပေ၏။

ကျွန်တော်သည် အဖေနွဲ့၏ ခြေတော်ရင်း သီလ၊ သမာဓိ ဆောက်တည်ရင်း အဖေနွဲ့ပြုပြင်သမျှ နာခံကာ တပည့်ကောင်း သားကောင်းတစ်ယောက် ဖြစ်လာရေးအလို့ငှာ အစွမ်းကုန် အားထုတ်လုပ်ကိုင်နေပေ၏။

အဖေနွဲ့သည် သားတပည့်များနှင့် ဝေနေယျတို့၏ ရှေ့ရေးကိုလည်း မကြာမကြာ ခေါ်ယူ၍ သတိပေးလေသည်။

"ဟဲ့ ငါ့တပည့်ကလေး ကျော်စိန်ကို သတိရလိုက်တာ၊ ငါ စိတ်မကောင်းနိုင်တော့ဘူး" ကျွန်းကုန်းဘက်မှ ပါရမီတပည့်ကျော်စိန်အကြောင်းကို အဖေနွဲ့သည် ပုတီးစိပ်ရင်းမှ ပြောလိုက်ပြီး မျက်ရည်များပင် လည်၍လာပါသည်။ သုံးရက်မြောက်သောနေ့၌ ကိုကျော်စိန်ကို သူပုန်များက ပစ်သတ်သွားကြောင်း၊ အဖေနွဲ့ဆီသို့ လူတစ်ယောက်ရောက်ရှိ၍ အစီရင်ခံကြသည်။

တစ်နေ့တွင် ကျွန်တော်သည် လူသူရှင်းခိုက်တွင် အဖေနွဲ့ကို ကန်တော့၍ "အဘ လောကမှာ ဝိဇ္ဇာဘယ်နှစ်မျိုးရှိပါသလဲ" မေးမြန်းစုံစမ်းသည်တွင် အဖေနွဲ့သည် အတိုချုပ် ပြောရရင် 'ဝိဇ္ဇာနှစ်မျိုးပဲရှိတယ်' အမိန့်ရှိလိုက်ပြီး "လောကုတ္တရာဝိဇ္ဇာနဲ့ လောကီဝိဇ္ဇာ နှစ်မျိုးနှစ်စားရှိတယ်၊ လောကုတ္တရာဝိဇ္ဇာဆိုတာ မှောင်အဝိဇ္ဇာတွေ ဖယ်ရှားပြီး မဂ်ဖိုလ်တွေကိုရယူနိုင်တဲ့ ဝိပဿနာဝင်ပုဂ္ဂိုလ်တွေကို ခေါ်တယ်။ လောကီဝိဇ္ဇာဆိုတာကတော့ သမထ အခြေခံပြီး သမာဓိတရားကို အားပြုပြီး အင်းတို့ ဆေးဝါးတို့ အဂ္ဂိရတ်တို့နဲ့ ပညာရှာတဲ့၊ သိဒ္ဓိရအောင်လုပ်တဲ့ လောကီလမ်းဝိဇ္ဇာဖြစ်တယ်" စတင်ကာ ပြော

mgyoe.com

ပြလိုက်ပြီး" ငါတို့ မင်းတို့ဟာ ဘဝပေါင်းများစွာ ဝိဇ္ဇာဘဝ၊ ရှင်ဘုရင်ဘဝ၊ နတ်ဘဝတွေနဲ့ သံသရာ လည်ခဲ့ပြီးပြီ။ ခုလည်းတစ်ဖန် လည်ရလိမ့်ဦးမယ်။ ငါတို့ သံသရာ လည်ရင်း ပါရမီတွေ ဖြည့်တင်းသွားကြရတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုကြတယ်၊ သမထ ဝိပဿနာတွေကို မနားမနေ အားထုတ်ပြီး အပါယ်ပဋိသန္ဓေ ပေးခြင်းလမ်းစလို ဖြစ်နေကြတယ်။

"လောကီဝိဇ္ဇာဓိုရ်တွေဟာ သမထအခြေခံပြီး အင်းလမ်း၊ စမလမ်း၊ အဂ္ဂိရတ်လမ်း၊ ဆေးစွမ်းတွေကို အားပြုပြီး အသက်ရှည်အောင် နေကြတယ်။ မနာ၊ မသေကြရအောင် မိမိခန္ဓာကိုယ်ကို ပြုပြင်မွမ်းမံကြတယ်။ အာဟာရ မဆာမလောင်ရအောင်၊ အာဟာရသိဒ္ဓိပြီးအောင်လုပ်ကြတယ်။ တစ်ရာခရီးကို မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်းမှာ အရောက်သွားနိုင်ကြတယ်။ သူတို့အလိုဆန္ဒအတိုင်း သူတို့ကို မြင်ဆိုမှ မြင်စေတယ်။ ဓား၊ လှံ၊ လေး၊ မြား၊ အမြောက်၊ မီးပေါက်တို့ဟာ သူတို့ကို ဒုက္ခမပေးနိုင်ဘူး။ သိဒ္ဓိတွင် တန်ခိုးရှင်တွေပေါ့ကွယ်၊ မှတ်ထားကွယ့် ငါ့သားရယ်၊ တန်ခိုးသတ္တိ ရှိလာလေလေ၊ တရားလက်မလွှတ်ရအောင် ထိန်းသိမ်းဖို့ သမာဓိတရား အင်မတန်လိုအပ်တယ်။ လူတွေဟာ၊ ပုထုဇဉ်တွေဟာ များသောအားဖြင့် ဆင်းရဲဒုက္ခကို ခံနိုင်ကြတယ်၊ ချမ်းသာမှုဒဏ်ကို ကြာကြာမခံနိုင်ဘူး။ ဆင်းရဲလေလေ သံဝေဂရဆိုတဲ့ စကားအတိုင်း ဆင်းရဲတော့ သတိသံဝေဂတွေရတယ် ဒုက္ခသစ္စာကိုသိဖို့ ကြိုးစားကြတယ်။ လမ်းစပေါ်လာကြတယ်။ ဒါပေမဲ့ အာဏာရှိလာတဲ့အခါ၊ ချမ်းသာလာတဲ့အခါမှာ ဒုက္ခရောက်တုန်းကလို သံဝေဂမရနိုင်တော့ဘဲ စည်းစိမ်အာဏာဝဲထဲမှာ တစ်ရစ်ဝဲကြ နစ်မျောပြီး ဖျက်ဆီးပစ်ကြတယ်။ အဲဒါကြောင့် ထွက်ရပ်ပေါက် ဝိဇ္ဇာမှန်သမျှကို ငါတို့တရားဓမ္မ အောင်မြင်ပြီး ထွက်နေကြတဲ့၊ ထွက်ဆဲ ငါတို့လူကြီးတွေက အုပ်ချုပ်ပြီး ဆုံးမရတယ်၊ ကွပ်ညှပ်ရတယ်။

"လောကီဝိဇ္ဇာတွေတိုင်း တရားမရှိကြဘူး။ အခြေခံလောက် သမထလောက်ပဲ ကျင့်ခဲ့ကြတာကိုး။ မှန်တာတွေရှိသလို မှားတာတွေလည်း အများကြီးပဲ။ ငါ့သားကြားဖူးတယ် မဟုတ်လား။ တာနောယက္ခဘီလူးဟာ သူ့မိန်းမကို ချစ်လွန်းလို့ ပါးစပ်ထဲငုံထားတာတောင် ပေါက်ပေါက်ရှာရှာ ဝိဇ္ဇာဓိုရ်က သူ့အတတ်နဲ့ ဘီလူးပါးစပ်ထဲဝင်ပြီး တာနောယောင်ဆောင်ပြီး ဖောက်ပြန်ခဲ့တာ"

ရှေးဟောင်း ဇာတ်တော်ကြီးအကြောင်းကို ပြောပြလိုက်ပြီး အဖေနွဲ့သည် ကောင်းကင်သို့ တစ်ချက် မော့၍ ကြည့်လိုက်ပြီး...

"တန်ခိုး ရှိလာရင်၊ အာဏာရှိလာရင်၊ ပျက်စီးချင်ကြတယ်။ သတိတရား လက်လွှတ်ချင်ကြတယ်။ တချို့ အောက်လမ်းဝိဇ္ဇာတွေ၊ ဇနပဒဂန္ဓာရီ ဝိဇ္ဇာထဲက လူတချို့ဟာ

mgyoe.com

mgyee.com

ဘယ်လောက်အထိ ဖောက်ပြန်သလဲဆိုရင် လင်ရှိ မိန်းမကိုတောင် မိန်းမလုပ်တဲ့သူက သဘောတူရင် သူတို့ ကျူးလွန်ကြတယ်၊ သူတို့အဖြေက ကာမပိုင်ဟာ မူလပုဂ္ဂိုလ် မိန်းမလို့ ခံယူကြတယ်"

ကျွန်တော်သည် "အဘ ဒီလို ဘုရားဟောရှိခဲ့ကြပြီး ကိုယ်ကြိုက်တာ လိုက်လုပ်တန်းဆိုရင် ကမ္ဘာပျက်၊ သာသနာလည်း ပျက်ကုန်ရောပေါ့"မကျေမနပ်ဖြင့် မေးလိုက်ရာ–

"အေး ဒါကြောင့် ငါတို့ မဟိဒ္ဓိကြီးတွေက ထွက်ရပ်ပေါက် ဝိဇ္ဇာတွေမှန်သမျှ ချုပ်ကိုင် ဦးစီးရတယ်၊ ဒီလိုဖောက်ပြန်တဲ့ လူယုတ်မာတွေကို တို့လူကြီးတွေက မဟာဒဏ်ခတ်ရတယ်၊ မဟာဒဏ်ဆိုတာ ကြောက်စရာဒဏ်ပဲ ကြောက်စရာအမိန့်ပဲ" ပြောလိုက်ရာ ကျွန်တော်သည်–

"ဒီလို တန်ခိုးသတ္တိရှိတဲ့ ဝိဇ္ဇာတွေက သူတို့ကို ဒဏ်ပေးတာခံရဲ့လား၊ တန်ခိုးသတ္တိနဲ့ ရှောင်မပြေးနိုင်ဘူးလားအဘ" မေးလိုက်မိပါသည်။

အဖေနွဲ့သည် ခပ်ပြုံးပြုံးမျက်နှာဖြင့် "အဲဒီနေရာမှာ အဆင့်အတန်း သိဒ္ဓိကွာခြားမှုကို ပြနေတာပဲ လူကလေးရယ်၊ ငါသားကြီးနားလည်အောင် အဘပြောခဲ့မယ်"

"ဝိဇ္ဇာလောကမှာ အဆင့်အတန်းသုံးဆင့်ရှိတယ်၊ မှတ်ထားပေတော့" အစချီ၍ ဂန္ဓာရီသုံးရပ်အကြောင်းကို ပညာပေးသင်ကြားလိုက်ပါသည်။

"ပထမအဆင့်မှာ မဟာဂန္ဓာရီဝိဇ္ဇာကွယ့်၊ မဟာဂန္ဓာရီဆိုတာ ဝိဇ္ဇာစခန်းမှာ အမြင့်မားဆုံးအဆင့်ပဲ။ ဒီပုဂ္ဂိုလ်တွေဟာ ဘုရားဆုကြီးပန် ပုဂ္ဂိုလ်တွေများတယ်၊ အနည်းဆုံး အဂ္ဂသာဝက၊ မဟာသာဝက ဆုပန် ပုဂ္ဂိုလ်တွေ ပါကြတယ်။ သူတို့ဝိဇ္ဇာစခန်းထွက်တဲ့ ပညာဟာ စမတွေ၊ အင်းတွေ အသေးဆုံးထားပြီး သမထနဲ့ စခန်းသိမ်းပြီး မဟာဂန္ဓာရီဝိဇ္ဇာဖြစ်ရတယ်၊ မဟာဂန္ဓာရီ နောက်ဆုံးအဆင့်မှာဆိုရင် ဝိပဿနာဝင်ပြီး ကိစ္စပြီးခန်းရောက်ရတယ်"

"ပြောရဦးမယ် အဆင်သင့်လို့၊ ငါတို့ မဟာဂန္ဓာရီဝိဇ္ဇာမှာ အကြီးဆုံးဥက္ကဋ္ဌ တင်ထားတဲ့ ပထမံဆရာကြီးဆိုရင် သူထွက်တုန်းက သမထနဲ့ကွယ်၊ သူလို ငါလိုအထဲမှာ ဥက္ကဋ္ဌအကြီးဆုံး တာဝန်ယူဖို့ အလှည့်ရောက်တော့ ရုတ်တရက် သူက တာဝန်ကို လက်မခံဘူး။ ငါတို့ ဓမ္မဝိဇ္ဇာထဲက အကြီးအကဲတွေ ဖြစ်ကြတဲ့ ဆရာတော်ကြီး ဦးချမ်းလှိုင်နဲ့ အဖေရှင်တို့ကို ဝိဇ္ဇာဥက္ကဋ္ဌတာဝန်ကို ခေတ္တလွှဲအပ်ပေးခဲ့ပြီးမှ ပထမံဆရာကြီးက အတွင်းလမ်းဝင်ရတယ်။ ဝိပဿနာဘက်ကို ကိစ္စအဆင့် ပြီးမြောက်အောင်လုပ်ပြီးမှ ကမ္ဘာ့ဝိဇ္ဇာအပေါင်းတို့၏ ဦးစီးဥက္ကဋ္ဌတာဝန်ကို ပြန်ယူတယ်၊ အဲဒါကြောင့် ပထမံဆရာ

mgyee.com

mgyoe.com

ကြီးဟာ ကိစ္စကြီးတစ်ခု လုပ်မယ်ဆုံးဖြတ်တော့မယ်ဆိုရင် ဆရာဦးချမ်းလှိုင်နဲ့ အဖေရှင်တို့ကို "ဆရာကြီးတို့ ဒီကိစ္စ ဘယ်လိုစီမံကြမလဲ၊ သင့် မသင့် ဆုံးဖြတ် အကြံဉာဏ်ပေးကြပါလို့ အထူးအခွင့်အာဏာပေးပြီး တိုင်ပင်လေ့ရှိတယ်။ အဲဒီအချက်အလက်တွေကို ငါ့သားမှတ်သားထားပါ။ ငါ့သား ရှေးလုပ်ငန်းတွေ၊ တာဝန်ကြီးတွေ ယူရရင် ကိုယ်ကိုယ်တိုင် သိလာလိမ့်မယ်"

အဖေနွဲ့သည် ဆေးပြင်းလိပ်ကိုရှိုက်ဖွာလိုက်ပြီး "ဒီလို ပညာဂုဏ်မောက်ပြီး တန်ခိုးသိဒ္ဓိရှိလာတဲ့၊ တရားသစ္စာမပြည့်စုံတဲ့ ဝိဇ္ဇာတွေ၊ ဝိဇ္ဇာရမ်းတွေကို ထိထိရောက်ရောက် ရက်ရက်ရောရော အရေးယူကြိုးကိုင် အုပ်ချုပ်နိုင်ဖို့အတွက် ငါတို့ ဆရာသမားကြီးတွေ ဖြစ်တော်မူကြတဲ့ ဦးချမ်းလှိုင်တို့ အဖေရှင်တို့ဟာ အချိန်မကျသေးဘဲနဲ့ ခပ်စောစောအတွင်းလမ်းဝင် ရှုခဲ့တယ်၊ အတွင်းလမ်းဆိုတာ မဟာဂန္ဓာရီ ဆရာကြီးများအဖြစ် လူ့ဘဝက ကူးပြောင်း တာဝန်ယူခြင်းကို ဆိုခြင်းဖြစ်တယ်။

"ခုလည်း ငါ့မှာ တာဝန်တွေ ကြီးလှတယ်၊ ဒီတာဝန်တွေရော စည်းကမ်းတွေရောပါ မကူးရသေးဘဲနဲ့ လူ့ဘဝကနေပြီး ကြိုးကိုင်အုပ်ချုပ်ရာမှာ ပါဝင်ဆောင်ရွက်နေရတယ်။ အဆုံးမှာတော့ ငါတို့ အသိဉာဏ် ရရှိပြီးတဲ့ ပုဂ္ဂိုလ်တွေဟာ လူ့ဘဝကနေပြီး ဒီကိစ္စတွေ အတွင်းရေးတွေမှာ ပါဝင်ဆောင်ရွက်နေရတယ်" ပြောပြပြန်ပါသည်။

"အဲဒီမဟာဂန္ဓာရီ အောက်မှာမှ စူဠဂန္ဓာရီဝိဇ္ဇာ အဆင့်ဖြစ်တယ်။ သူတို့ဟာ မူလမဂ်ဖိုလ်ဝင်ပုဂ္ဂိုလ်တွေပဲ အဂ္ဂိရတ်သမားတွေ အင်းရော၊ ဆေးရော ကိုင်ကြတယ်။ မင်းတို့ ခဏခဏ ကြားဖူးတဲ့ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာတွေပေါ့ကွယ်။ သူတို့ ပညာအဆင့်ကုန်လို့ ဝိဇ္ဇာအဖြစ် ကူးခါနီးမှာ သူတို့ပညာရပ်တွေ ဓာတ်လုံးတွေ၊ အင်းတွေကို ဘုရားလှူပြီး ဘုရားတည်ပြီး ဌာပနာတည်ပြီး သမထထိုင်ရအောင် သမထစခန်းအဆုံးမှာ စူဠဂန္ဓာရီ ဝိဇ္ဇာအဖြစ်နဲ့ ကူးရတယ်။ မင်းတို့ကြားဖူးနေတဲ့ ဆရာတော်ဦးလာဘတို့ ရှင်အဇ္ဇဂေါဏတို့ ရှင်ခန္တာဓောတိတို့ဟာ စူဠဂန္ဓာရီ ဝိဇ္ဇာတွေကွယ့်"

ကျွန်တော်သည် အဖေနွဲ့၏ တိကျစွာခွဲခြား၍ ဝိဇ္ဇာသုံးမျိုးအကြောင်း ပြောပြချက်ကို လေးနက်စွာ မှတ်သားထားလိုက်ရပေ၏။

"တတိယဝိဇ္ဇာတွေကတော့ ဇနပဒ ဂန္ဓာရီစခန်းကွယ့်၊ မှော်ဝင်ဆေးဝါးလုပ်ငန်းတွေဖြစ်တယ်။ အောက်လမ်းဝိဇ္ဇာစခန်းဖြစ်တယ်။ သုံးဆယ့်ခုနစ်မင်းတွေကို အကြောင်းပြု၍ လည်းကောင်း၊ ယောကတော်၊ ရေရင်ကတော်၊ အနောက်ကတော်ကြီးတွေကို အကြောင်းပြုပြီး မှော်အတတ်ပညာနဲ့ တက်ကြတယ်။ ကုသိုလ်သမာဓိထက် အကုသိုလ်သမာဓိလုပ်ငန်းက ပိုများတယ်။ သူတို့လည်း ပုတီးစိပ်တယ်၊ သက်သတ်လွတ်စားကြ

mgyoe.com

တယ်။ လုပ်တော့ ကူးတော့ဟာ တစ်မျိုးပဲ၊ အဲ့ဒီ စခန်းဟာ အဖျက်သိပ်များတယ်။ အောက်တန်းကျကျ ဖျက်ဆီးလေ့ရှိတယ်။ အောက်လမ်းသမားချင်း တွေ့တဲ့အခါမှာ မညာတမ်း ပညာပြိုင်ပြီး အနိုင်ရတဲ့လူက အရှုံးပေါ်တဲ့လူကို ပညာနဲ့သတ်ပြီး အဆင့်တက်တဲ့လုပ်ငန်းပဲ။ အဲဒီဇနပဒဂန္ဓာရီစခန်း အောင်မြင်တဲ့ထိပ်ကို ရောက်တဲ့လူဟာ ဇနပဒ ဂန္ဓာရီဝိဇ္ဇာဖြစ်လာတယ်။ ဒါပေမဲ့ သူ့အထက်က ဝိဇ္ဇာနှစ်ရပ်က ပုဂ္ဂိုလ်တွေကို မျက်နှာမော်ပြီးမကြည့်နိုင်ဘူး။ မကြည့်ရဲဘူး။ သီလ သမာဓိ ပညာ အခြေအနေက အပြတ်အသတ်ကွာနေတာကိုး။ ဒီပုဂ္ဂိုလ်မျိုးတွေဟာ ဝိဇ္ဇာလောက ဝိဇ္ဇာပညာကို လိုက်စားသင်ကြားနေတဲ့လူတွေကို ဖျက်ဆီးနှောင့်ယှက်ဖို့ တာဝန်အယူရဆုံးပုဂ္ဂိုလ်တွေပဲ။ ပုတီးစိပ်သူတွေ၊ ပညာလမ်းလိုက်စားသူတွေအဖို့ ပွဲဦးထွက် ဒီလိုဒီဘက်ကပုဂ္ဂိုလ်တွေနဲ့ရင်ဆိုင်ရတယ်။ စမ်းသပ်ခံရတယ်။ တချို့လည်း အစမ်းသပ် မခံနိုင်တော့ တစ်ချိုးတည်း လန်ကျရှာကြတယ်။ ပါရမီခံရှိသူဆုကြီးပန်တွေအဖို့ များများ စမ်းသပ်ခံရတယ်။ အဆုံးမှာတော့ ဇနပဒဂန္ဓာရီ ဝိဇ္ဇာတွေဟာ အောက်ခြေသိမ်း လုပ်ငန်းကို လုပ်ကိုင်ရတဲ့၊ ရှင်းလင်းရတဲ့ လူကြမ်းတွေပေါ့။ သာသနာ့ရန်သူ ရှင်းလင်းတဲ့ အလုပ်ကို ဒီလိုပုဂ္ဂိုလ်တွေက လက်မနှေးဘူး။ လူကောင်းကောင်းသတ်ရဲသလို ယုတ်မာတဲ့ အလုပ်တွေမှန်သမျှကိုလည်း လုပ်ဖို့လက်မတွန့်တဲ့လူတွေဖြစ်တယ်။ အဲဒီအချက်အလက်တွေကိုလည်း ငါ့သားကောင်းကောင်း မှတ်ထား၊ တစ်နေ့ မင်းတာဝန်ချည်းပဲ။

“မဟာဂန္ဓာရီ ပုဂ္ဂိုလ်ဖြစ်ဖို့ သိပ်မလွယ်ဘူး။ အဆင့်မြင့်လွန်းတယ်။ ဆုကြီးပန်ပုဂ္ဂိုလ်တွေများတယ်။ ခရီးရှည်သွားမယ့် ပုဂ္ဂိုလ်တွေ နှောင်လာရစ်သောင်း ဘုရားလောင်းထဲက ရင့်မာတစ်ကျိပ် ပတ်ဝန်းကျင်က ပုဂ္ဂိုလ်တွေများတယ်။

“ ဝိဇ္ဇာတွေဟာ တကယ့်တရားသစ္စာစောင့်တဲ့ပုဂ္ဂိုလ်ကိုသာ ချစ်မြတ်နိုးတယ်၊ ပညာပေးတယ်။ အရေးရှိမှ တမ်းတပြီး အကူအညီတောင်းတိုင်း မကယ်ဘူး။ ရှေးရေစက် ဘဝအတိတ်တွေအရ ကယ်ဆယ်တဲ့ကိစ္စတွေရှိသလို ပညာပေးတဲ့အခါမှာလည်း ရှေးဆုတောင်း ပါရမီဖြည့်ဖက် အချင်းချင်းကြောင့် လာရောက်ပြီး ပညာပေးတယ်၊ ကူညီကြတယ်။

“ဝိဇ္ဇာတိုင်းမှာ သာသနာကို စောင့်ရှောက်ဖို့ တာဝန်ယူထားရတယ်။ ဝိဇ္ဇာဖြစ်ပြီးရင် လူတွေသိနေတဲ့ သူယောင်တောသွားဖို့ဆိုတာ ဇာတ်သဘင်တွေမှာသာ အပျော်ကိစ္စသဘောမျိုးနဲ့ပြသခဲ့တာပါ။ ဝိဇ္ဇာဖြစ်ပြီးရင် ရှေ့ပညာတစ်ဆင့်တက်နိုင်ဖို့ ကြိုးစားရပြန်ပါတယ်။ သိပ်မသက်သာလှပါဘူး။ ကံကြီးငါးပါး၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ နဝင်္ဂသီလတို့ကို စောင့်ထိန်းနေရတယ်။

mgyoe.com

" အဲဒီထဲက ဖောက်ပြန်တဲ့ ဝိဇ္ဇာတွေကို မဟာဂန္ဓာရီပုဂ္ဂိုလ်ကြီးတွေက ခေါ်ယူပြီး ထိုက်သင့်သလို အပြစ်ပေး ဒဏ်ခတ်လေ့ရှိတယ်။

" အဆင့်ချင်း တန်ခိုးချင်းက အပြတ်အသတ်ကွာနေတော့ အပြစ်ရှိတဲ့ဝိဇ္ဇာတွေ ဘယ်ပြေးဝံ့မှာလဲ။ မလွဲမသွေ ဒဏ်ခံရတယ်။ သာသနာ့တာဝန်အရ မကောင်းတဲ့လူတွေ၊ သာသနာဖျက်တဲ့မိစ္ဆာတွေကို သုတ်သင်တာကလွဲပြီး ဒီ့ပြင်အပြစ်မရှိတဲ့လူတွေကို မှဲ့တစ်ပေါက် မစွန်းစေရဘူး။

" များသောအားဖြင့် ဝိဇ္ဇာတွေဟာ သာသနာ့ တာဝန်ထမ်းဆောင်နေရတယ်။ ကယ်သင့်တဲ့ သတ္တဝါတွေကို ကယ်နေတယ်။ စောင့်ကြည့်သင့်တဲ့ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်တွေကိုလည်း စောင့်ကြည့်နေတယ်။ ဥပမာ သာသနာ့ဝန်ထမ်းတစ်ဦးဟာ ယခုဘဝ အပြစ်မရှိပေမယ့် ရှေးအတိတ်က ဝဋ်ဟောင်းရှိခဲ့လို့ ထောင်တွင်း အကျဉ်းခံနေရမယ် ဆိုရင်ဝိဇ္ဇာတွေက သူ့ရဲ့သက်သာမှု စိတ်ချမ်းသာမှုကို တာဝန်ယူတယ်၊ တစ်ဖက်မလို မုန်းထားတဲ့လူရယ်၊ အာဏာရှိတဲ့ လူတွေရယ် နှိပ်စက်ညှဉ်းပန်းမှုကို ကာကွယ်စောင့်ရှောက်ပေးရတယ်။ ဒီလိုလုပ်တာကို ပါရမီဖြည့်တာလို့ခေါ်ကြတယ်။

" ဝဋ်ကြွေးဆိုတာ တော်တော်နဲ့ ဆပ်မကုန်ဘူးသားရဲ့။ ငါတို့မင်းတို့ဟာ ဘဝသံသရာတွေလည်ချင်တိုင်း လည်ခဲ့သလို ကောင်းတာတွေ ဟုတ်တာတွေရှိခဲ့သလို အမှားတွေလည်း ဒုနဲ့ဒေးရှိကြမယ်၊ အပြစ်တွေလည်း ရှိခဲ့မယ်။ အဲဒီဝဋ်ကြွေးတွေကို တတ်နိုင်သမျှ ကြေအောင် ကြွေးဟောင်းအပြစ်ဆပ်ပြီး အတိုးရော အရင်းရော တတ်နိုင်အောင် ချေပေးရတယ်။ ဖြစ်ခဲ့တဲ့ဘဝတွေက အမှားတွေကို ရှေ့ဆက်ပြီး မမှားရလေအောင် သတိကြပ်ကြပ်ထားပြီး မျက်စိရှင်ရှင် နားပါးပါးနဲ့ ပါရမီစခန်းတစ်လျှောက်ကို ခပ်မှန်မှန်ချီတက်ကြရမယ်လူကလေး။ တစ်ချက်မှားရင်၊ တစ်ကွက်မှားရင် ခြေချော်ခဲ့ရင် တော်တော်နဲ့ ကြွေးဆပ်လို့မပြီးနိုင်ဘူး။ ပုထုဇဉ်ဆိုတာ တယ်ပြီးမကောင်းတာလုပ်ချင်တယ်၊ မဟုတ်တာစွဲလမ်းတယ်၊ မမှန်တာကိုမှ ကြိုက်ကြတာကလား။

စသည်ဖြင့် တရားဟောပြတော်မူနေပါသည်။

mgyoe.com

mgyoe.com

# ထူး၍တတ်သည် ရူး၍မြတ်သည်

အုတ်တွင်းမြို့ အရှေ့ပိုင်း မဲအိုးရပ်ဟုခေါ်သော အုန်းပင်ရွာသို့သွားသည့် ကားလမ်းအရှေ့စွန်း၌ တည်ရှိတော်မူခဲ့သည် မိုးကောင်းဘုရားကြီးအတွင်း ဓာတ်တံခွန် စေတီတော်နှင့် လောကဓာတ် ကမ္ဘာ့ဓာတ်တိုင် တစ်ဝိုက်၌ အတော်ကလေး ဆူဆူညံညံ ဖြစ်နေတော့သည်။

ကျွန်တော်က မင်္ဂလာရေကန်စပ်တွင် ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်ပေါ်မှ အသာလှမ်း၍ ဓာတ်တံခွန် စေတီတော်ဆီသို့ ကြည့်လိုက်သည်တွင် သင်္ကန်းဝတ် ပုဂ္ဂိုလ် တစ်ဦးနှင့် ကလေးများ၊ အရပ်ထဲမှကာလသားများက တရုန်းရုန်း ဆူပူနေသည်ကို တွေ့ရသည်။ ထို့ကြောင့် အခြေအနေကို ထိန်းသိမ်းရန် အလို့ငှာ အပြင်ထွက်ခဲ့ပြီး ကြည့်လိုက်သည်တွင် သင်္ကန်းဝတ်ပုဂ္ဂိုလ်မှာ ဘုန်းကြီးလိုလို ကိုရင်ကြီးလိုလိုနှင့် သင်္ကန်းများမှာ ညစ်ပေစုပ်ပြတ်နေကြောင်း တွေ့ရသည်။ အရပ်ထဲမှ ကာလသားများနှင့် ကလေးများက ထိုသင်္ကန်းဝတ်ပုဂ္ဂိုလ်ကို စိတ်မနှံ့သူဟူ၍ အမျိုးမျိုး ရန်စနေကြသည်။ နောက်ပြောင်နေကြသည်။ ခဲကလေးများဖြင့် မထိတထိ ပစ်ခတ်နေကြသည်။ သင်္ကန်းဝတ်ပုဂ္ဂိုလ်ကလည်း ထိုကလေးများကို ဆဲလိုက်၊ ခဲနှင့်ပြန်၍ပစ်ခတ်လိုက်လုပ်ရင်း ပါးစပ်က မကြားဝံ့မနာသာ ဆဲဆိုနေပါသည်။

မြင်နေကျ၊ တွေ့နေကြ အစဉ်အလာမှာ အုတ်တွင်းမြို့တွင်းသို့ တစ်ရပ်တစ်ပါးက ရောက်ရှိလာကြသည့် အရူးများ၊ စိတ်မနှံ့သူများသည် ညဥ့်အချိန် မိုးကောင်းဘုရား အာရုံခံဇရပ်ကြီးအတွင်းသို့ လာရောက်အိပ်စက်ပြီးမှ နံနက်တွင် စိတ်ကူးပေါက်ရာသို့ ထွက်ခွာသွားလေ့ ရှိခဲ့ပါသည်။ ထို့ကြောင့် ရပ်ထဲရွာထဲကလေးငယ် ကာလသားများက

mgyoe.com

mgyoe.com

ထိုရောက်ရှိလာကြသည့် အရှုးများ စနေကြ နောက်နေကြ ထုံးစံအတိုင်း နောက်ပြောင်ကြခြင်းဖြစ်ပါသည်။

ကျွန်တော်က မတော်တဆခဲများဖြင့် စ၍ပစ်ကြခတ်ကြလျှင် ဘုရားတန်ဆောင်းများကို ထိခိုက်ပျက်စီးမည်စိုး၍ အချိန်မီ ဝင်ရောက်၍ ကာလသားများ၊ ကလေးများကို မနှောင့်ယှက်ကြရန် မေတ္တာရပ်ခံလိုက်ရပေ၏။

အဖေနွဲ့လည်း ထိုအချိန်အခါက ခရီးထွက်နေခိုက်ဖြစ်၍ ဆရာဦးဘပု ဇနီးမောင်နှံနှင့် ကျွန်တော်တို့သာ သုဓမ္မာဇရပ်အတွင်း၌ ကျန်ရစ်ခဲ့သည့်ကာလဖြစ်ပါသည်။

ဦးဘပု၏ ဇနီးဒေါ်ဖွားတင်က ထိုသင်္ကန်းဝတ်ပုဂ္ဂိုလ်ကို သံပန်းကန်ပြားအကောင်းတွင် ထမင်းဟင်းများထည့်၍ ရေနွေးတစ်အိုးနှင့် သွားရောက်ကျွေးမွေးလှူဒါန်း လိုက်သည်။ သင်္ကန်းဝတ်ပုဂ္ဂိုလ်မှာ အသက်ငါးဆယ်ခန့်ရှိပြီး အသားများမှာ နေလောင်ခြင်းခံရ၍ ညိုနေပြီး အတော်ပိန်နေပါသည်။

သင်္ကန်းဝတ်ပုဂ္ဂိုလ်က ဒေါ်ဖွားတင်ကိုမော့၍ ကြည့်လိုက်ပြီး "ဒါဟာ ကျုပ်ကို လှူတာလား" မေးလိုက်ရာ ဒေါ်ဖွားတင်သည် တစ်စုံတစ်ရာမပြောဘဲ ထိုပုဂ္ဂိုလ်၏ လက်တွင်းသို့ ဆက်ကပ်ပေးလိုက်ရာ သင်္ကန်းဝတ်ပုဂ္ဂိုလ်သည် ခပ်ကျယ်ကျယ် သာဓု သုံးကြိမ် ခေါ်လိုက်ပြီး တစ်ချိုးတည်းအားရပါးရ စားသောက်ရင်း .....

"ရေမှုတ်ထဲမိကျောင်းပေါ် မကျော်ကိုက်တဲ့ မိကျောင်း၊ အထက်မှာ ခေါင် အောက်မှာ အောင်ဟေ့၊ အလယ်ကြောမှာ အမျိုးကိုဆောင်တော့ သတိုးမင်းခေါင်တဲ့ဟေ့၊ မိန်းမတွေ အတော်ထရင် စားမနဲ့ခုတ်ရမယ်" စသည်ဖြင့် ကျွန်တော့်စိတ်ထဲ မြင်တွေ့ကရာ ပါးစပ်တွင်းပေါ်သမျှရော ရွတ်နေတော့သည်။ ကျွန်တော်က ထိုသင်္ကန်းဝတ်ပုဂ္ဂိုလ်သည် တွေ့ကရာသင်္ကန်း၊ နီးစပ်ရာ အဝတ်အထည် တစ်ခုခုကို ဆွဲမိဆွဲရာ စိတ်နောက်နေသည် ကြောင့် ဆွဲပြီးဝတ်ခဲ့သည်ဟု ထင်မှတ်လိုက်သည်။ ထိုနောက် စားသောက်ပြီး ဘုရားကြီးနောက်သို့ သွားရောက်လဲလျောင်းလိုက်ပြီး ပါးစပ်ကလည်း....

"သွားရတာလည်းဒုက္ခ၊ စားရတာလည်းဒုက္ခ၊ အိပ်ရတာလည်းဒုက္ခပဲ။ ဘယ်တော့ ဝဋ်ကျွတ်ပါ့မလဲ ငမိုက်သားရယ်" ညည်းတွားနေပါသည်။

ကျွန်တော်တို့ ထိုနေ့အတွက် ပြုလုပ်စရာများကို ပြုလုပ်ပြီး နေ့ခင်း ပုတီးစိပ်ချိန်ဖြစ်၍ ဓာတ်တံခွန်စေတီတော် စနေထောင့်တွင် သမံတလင်းပေါ်၌ ဂုန်နီအိတ်ပိုင်းတစ်ပိုင်း ခင်းပြီး အဂ္ဂိရှာန်ပုတီးကိုစတင်၍ စိပ်လိုက်သည်။ ပြီးခါနီးလောက်တွင် ကျွန်တော့် နောက်မှ လူတစ်ယောက်၏ လျှောက်သံများ၊ ခြေသံများ ကြားရပါသည်။ ကျွန်တော့် ကိစ္စနှင့် ကျွန်တော်ဖြစ်၍ မျက်စိကိုဖွင့်မကြည့်ပါ။ နောက်သို့လှည့်မကြည့်နိုင်ပါ။

mgyoe.com

mgyee.com

ကိုယ့်လုပ်ငန်းပြီးအောင်သာ လုပ်ဆောင်နေခဲ့သည်။

မကြာမီ အောင်မြင်ပီသသော အသံဖြင့် မေတ္တာပို့သံများ ခပ်သွက်သွက် ခပ်မှန်မှန် ကြားရပါသည်။ ကျွန်တော့်လုပ်ငန်းများ ပြီးစီးသည့်အခါ ဘုရားကို ဝတ်သုံးကြိမ် ကန်တော့လိုက်သည်။ နောင်တွင် မမျှော်လင့်ခဲ့သော သက်န်းဝတ် ပုဂ္ဂိုလ်သည် ကျွန်တော့်အနီးသို့ ရောက်ရှိနေပြီး....

"လူကလေး ကြိုးစားကွယ့်၊ တကယ်ကြိုးစားနိုင်မှ တော်ရုံကျတာ" စတင်ကာ အားပေးစကား ပြောကြားလိုက်ရာ ကျွန်တော့်စိတ်ထဲ၌ စိတ်မနှံ့သူဟူ၍ မှတ်ယူခဲ့သော သက်န်းဝတ် ပုဂ္ဂိုလ်အား တစ်စုံတစ်ရာ မပြောတော့ဘဲ ခပ်မှန်မှန် ဣန္ဒြေဆည်ကာ မေတ္တာပို့လိုက်သည်တွင်....

"ပုထုဇဉ်မှန်သမျှဟာ အားလုံးအရူးချည်းပဲ။ အေးကွာခြားချက် တစ်ချက်တော့ရှိ တယ်ကွယ့် ကလေးရယ်၊ မင်းနာမည်ရင်းကို မခေါ်ပါဘူး။ မင်းရဲ့ဖခမည်းတော်ကြီး အမြတ်တနိုးနဲ့ခေါ်နေကျ ကလေးဆိုတဲ့နာမည်ပဲ ခေါ်ပါ့မယ်။ အကြောင်းကတော့ မင်းတို့ ခမည်းတော်ဘုရားကြီးဟာ အာဏာပိုင် ပုဂ္ဂိုလ်ကြီးကိုး။ မဟိဒ္ဓိပိုင်းဆိုင်ရာ နတ်ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်ကြီးတွေက အားလုံးကြောက်ရတော့ ရိုသေရတယ်" စတင်ကာ လူကောင်းတစ်ဦးကဲ့သို့ ပြောဆိုနေပါသည်။

ထိုကြောင့် ကျွန်တော်က "ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ စိတ်ပြန်ကောင်းသွားပြီလား" မေးလိုက်မိသည်တွင်...

"အေး သဏ္ဍာန်လုပ်သရုပ်နဲ့ တူစေတယ် ကလေးရယ်။ ငါ့ယခင်ကြွေးကလည်း ရှိလို့ ဆပ်ရင်း၊ စခန်းထွက်ရင်းမှာ အရူးစခန်းဟာ အကောင်းဆုံးပဲ။ အသင့်တော်ဆုံးပဲ။ ဘေးအကင်းဆုံးကွယ့် မှတ်ထား လူတွေအထင်ကြီးခံရရင် အန္တရာယ်ရှိနိုင်တယ်။ လူတွေ အထင်သေးလေလေ တို့လုပ်ငန်း လုပ်လို့ကောင်းလေလေပဲ။ ရှင်းတယ်။ မနုဿတောကြီး အမနုဿတောကြီးဘေးက ရှင်းတာပေါ့ကွယ်"

သူ၏ အတွင်းရေးကို မသိမသာဖော်၍ ပြောနေပါသည်။

"ဝဋ်ကြွေးဟာ တယ်ကြောက်စရာကောင်းတယ်နော်၊ အပြောအဆို အယူအဆတွေ ကြပ်ကြပ်သတိထား။ ဂရုစိုက်ပြီး ငါကိုယ်တိုင် ကျောင်းသားဘဝက စခန်းထွက်လာခဲ့တဲ့ အရူးဇာတ်ခင်းနေတဲ့ ပုဂ္ဂိုလ်ကို ခဲနဲ့ထုလို့ ထိပ်ကွဲခဲ့တာနဲ့ ငါ့မှာ ကိစ္စပြီးခါနီးမှ ဝဋ်ကြွေး ဆပ်ပြီး အရူးဇာတ်ခင်းနေရတယ်။ ဒါလည်းကောင်းတာပေါ့ကွာ။ အောင်မြင်တဲ့ဘဝမှာ အစွန်းဟောင်း အထင်းဟောင်းတစ်ခုမှ မပါတာပေါ့ ဟုတ်လား"

ထိုအခိုက်တွင် ဇရပ်ပေါ်မှ ဦးဘပုကလှမ်း၍ ကျွန်တော့်အား ခေါ်လိုက်သည်

mgyee.com

mgyoe.com
ကြောင့် သက်န်းဝတ်ပုဂ္ဂိုလ်နှင့် စကားဖြတ်၍ ပြန်ခဲ့ရပါသည်။

" ဒီဘုရားမှာရောက်လာတဲ့ လူတွေဟာ တကယ်ရှုးတာတွေလည်းရှိတယ်။ အရူး ယောင်ဆောင်ပြီးမှ ဂန္ဓာရီစခန်းထွက်နေတဲ့လူတွေလည်းရှိတယ်။ ကြည့်ပြီး ပြောဆို ဆက်ဆံကြကွယ့် ကလေးရယ်"

ကျွန်တော့်အား သတိပေးလိုက်ရာ ကျွန်တော်က ယခုတင်ကာလက သင်္ကန်းဝတ် ပုဂ္ဂိုလ်၏ ပြောပုံဆိုပုံများကို ပြန်ပြော၍ ပြောပြလိုက်ပြီး "ဂန္ဓရီဆိုတာဘာလဲ ဦးလေးပု" မရှင်းလင်း၍ မေးမြန်းလိုက်ပါသည်။

"ဂန္ဓာရီပုဂ္ဂိုလ်ဆိုတာ လွယ်အိတ်တစ်လုံး တောင်ဝှေးတစ်ချောင်းနဲ့ တလိုက်ရင် သူတို့ဂိုဏ်းဂဏဆရာတွေက စေလွှတ်လုပ်ခိုင်းတဲ့ သာသနာရေးလုပ်ငန်းမှာ လုပ်ရပြီး တန်ခိုးကြီး ဘုရားတွေမှာ လုပ်ငန်းအဓိဋ္ဌာန်ဝင်ရတဲ့ ပုဂ္ဂိုလ်တွေလို့ခေါ်တယ်။ အဲဒီလို တစ်ကိုယ်တည်း ခရီးထွက်ရင်း သူတို့မှာ တင်နေရစ်ခဲ့သည့် ဝဋ်ကြွေး ဝဋ်ဟောင်းတွေကို တစ်မျိုးဆပ်စေခဲ့ရတယ်"

"တကယ်မသက်သာတဲ့ အလုပ်တွေပါကလား ဦးလေးပု။ ဟိုက ခဲနှင့်ပစ်၊ ဒီက အရူးထင်ပြီး စနဲ့ ကျွန်တော်က တုန်လှုပ်စွာဖြင့် မေးလိုက်သည်တွင်...

"ဂန္ဓာရီစခန်းဟာ သိပ်ပင်ပန်းတယ်။ ကျုပ်တို့ ဓမ္မဝိဇ္ဇာလုပ်ငန်းနဲ့မတူဘူး။ ကျုပ်တို့က ဘုရားတွေ ဓာတ်ဘုရားတွေတည်ပြီး သမထ ဝိပဿနာကျင့်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ဆုကြီးတွေပြည့်အောင် ပါရမီဖြည့်တယ်။ ဂန္ဓာရီတွေကတော့ သိဒ္ဓိ ဆယ်ပါးကို မျက်မှောက်ပြုပြီး သာသနာပြုဖို့ အဓိဋ္ဌာန်တယ်၊ မှားခဲ့ရင်လည်း တစ်ချက် လွတ်ခံရတယ်။ သနားစရာပဲ ခင်ဗျားကြီးစား ကျုပ်တို့ဆရာကြီးမရှိမှ သူတို့နေရာကို ဝင်ရဲတယ်။ ကျုပ်တို့ဆရာကြီး ဒီနေရာမှာရှိနေရင် သူတို့ မထိရဲ၊ မကပ်ရဲ အဝေးကြီး က ရှောင်တယ်။ အဆင့်ခြင်းက သိပ်ကွာခြားကြတာကိုး"

ကျွန်တော်က မရှင်းလင်းသည်ကြောင့် "ဒီဂန္ဓာရီတွေလာတာကို အဘက မကြိုက် တာလား၊ လက်မခံဘဲ မောင်းချလို့လား ဦးလေးပု" ထပ်မံ၍ မေးလိုက်ရာ ဦးလေးပုသည် "ဘယ်ဟုတ်ပါ့မလားလို့ ကလေးရယ်၊ ကျုပ်တို့ဆရာကြီးက ဓမ္မဝဇ္ဇာဆိုပေမဲ့ ဝိဇ္ဇာ အတွင်းပိုင်းမှာ အင်မတန်သြဇာကြီးမားပြီး ပေါက်ဆရာ ဆယ့်ငါးဦးအပါအဝင် ကြိုး ကိုင်ပုဂ္ဂိုလ်ကြီး မဟုတ်လား။ ခုလို အလယ်အလတ်လမ်းကို ရှေ့ရှုနေတဲ့ ဝိဇ္ဇာလောင်း၊ ဂန္ဓာရီတွေက အလိုလိုနေရင်း သိပ်ကြောက်ကြတယ်။ သိပ်ရိုသေရတယ်။ ဓာတ်ချင်း၊ တန်ခိုးချင်း အပြတ်အသတ်သွားနေတော့ ဆရာကြီး ဒီဇရပ်မှာ ရှိနေရင် သူတို့ နီးနီး ကပ်ကပ် ဒီဘုရားမှာ စခန်းမပြုဝံ့ဘူး" ရှင်းလင်း ပြောပြလိုက်ပါသည်။
mgyoe.com

mgyoe.com

ကျွန်တော်သည် ဂန္ဓာရီပုဂ္ဂိုလ်များစွာကို နောင်အခါ၌ တွေ့ရ လက်ခံရပါသည်။ မှတ်မိသရွေ့ ပုဂ္ဂိုလ်များမှာ မန္တလေးမှ ဆရာအေး၊ မြန်မာ တစ်ပြည်လုံး လှည့်လည်နေသော ဦးဘသန်း စသည့် ထင်ရှားသော ပုဂ္ဂိုလ်များစွာ တွေ့ရပါသည်။ သူတို့သည် ရောက်ရာစခန်းများတွင် သူတို့ပြုလုပ်စရာ လုပ်ငန်းများကို ပြုလုပ်၍ ဆေးရောင်းခြင်း၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း၊ အဂ္ဂိရတ်ပညာပေးခြင်း၊ အင်းပညာသင်ကြားပေးခြင်းတို့ဖြင့် ရပ်ရွာပုဂ္ဂိုလ်များနှင့် ပေါင်းသင်း၍ စားသောက်နေထိုင်ပြီး အချိန်စေ့လျှင် သူတို့၏ ရှေ့စခန်းသို့ ထွက်၍ သွားပါသည်။

သူတို့သည် တစ်ခါတစ်ရံ သူတို့အား လက်ခံထားသော အိမ်များ၊ စခန်းများမှ အခြေခံပုဂ္ဂိုလ်တို့၏ သီလ သမာဓိတို့ နှိုက်တတ် စမ်းတတ်ပါသည်။ သမာဓိနည်းသည်ကိုတွေ့ရလျှင် ဝင်၍ တိုက်ပေးခြင်း၊ လှည့်စားခြင်း သပ်လျှိုခြင်းများ ပြုလုပ်၍ သမာဓိကို အကြီးအကျယ် စမ်းသပ်ပါသည်။ သွားရေး၊ လာရေး၊ စားသောက်ရေး ခရီးတိုင်းကို ဖော်ပြပါ ဗေဒင်၊ ဆေးဝါး အဂ္ဂိရတ် ပညာများပြ၍ လှူသောငွေများဖြင့် သုံးစွဲနေထိုင်ကြသည်။

ဂန္ဓာရီတို့၏ လက်သုံးစကားမှာ ရှင်းလင်းပြတ်သားလှပေ၏။ လက်ဝဲစခန်းတွင် နာမည်ကြီးလှသော ဦးသိပ္ပသည် လက်ဝဲစခန်းတွင် ထိပ်ဆုံးအတော်ဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်းကို အဖေလူက ပြောခဲ့ပါသည်။

ထိုပုဂ္ဂိုလ်၏ သာသနာရေး အကြောင်းပြု၍ ကြိမ်းဝါးချက်မှာ...

"သာသနာ့ရန်သူ မိစ္ဆာဒိဋ္ဌိတွေကို သုတ်သင်ရမယ်၊ ရှင်းပစ်ရမယ်။ အရေခြုံ အတုအယောင်တွေ၊ သာသနာဖျက်တွေကိုလည်း ရက်ရက်စက်စက် သတ်ပစ်ရမယ်။ ကျုပ်က အပြစ်မဲ့တဲ့ တိရစ္ဆာန် ပိုးမွှားတစ်ကောင်ကို ဘယ်အခါမှမသတ်ဘူး။ ဒါပေမဲ့လို့ မကောင်းတဲ့ အကျင့် မမှန်တဲ့ သာသနာဖျက်တွေ၊ လူ့မိစ္ဆာတွေကို ကျုပ်အတတ်ပညာနဲ့ သတ်ခဲ့တာများပြီး အများကြီး ရှင်းဖို့လုပ်ရမယ်။ မကောင်းတဲ့လူတွေ လူယုတ်မာတွေကို သတ်လို့ ပါဏာတိပါတကံ ထိုက်ပြီး အဝီစိငရဲကျမယ်ဆိုရင် ကျုပ်က အဝီစိငရဲမှာ ရုံးဖွင့်ပြီး နေမယ်"

သူတို့၏ သဘောထားမှာ မကောင်းသော လူယုတ်မာများကြောင့် သူတော်ကောင်းများ နစ်နာရသည်။ သာသနာညှိုးမှိန်ရသည်။ ထို့ကြောင့် မကောင်းသောသူများကို သုတ်သင်ပါလျှင် 'အပြစ်မရှိ' ဟူ၍ပင်။

ဦးသိပ္ပလို ပညာစခန်းလိုက်စားသော ဂန္ဓာရီပုဂ္ဂိုလ်မှာ အင်းဘက်၊ ဆေးဘက်၊ အဂ္ဂိရတ်ဘက် လိုက်စားသော ခရီးရောက်ကြသော ပုဂ္ဂိုလ်တိုင်းက ကောင်းစွာ သိရှိပါ

mgyoe.com

mgyoe.com
သည်။ 'သာသနာ့ရန်သူတွေ သုတ်သင်ဖို့ အချိန်စောင့်ရမည်' ဟူ၍ ဦးသိပ္ပကပြောပြီး သူ့ဝိဇ္ဇာစခန်းသို့ဝင်ရန် ကိုးဆယ့်ကိုးဘုံစခန်းတွင် နောက်ဆုံးတစ်ဘုံချန်လှပ်၍ ဝိဇ္ဇာစခန်းသို့ မကူးသေးကြောင်း အဖေနှဲ့ကိုယ်တိုင် ပြောခဲ့သည်။ ထိုပုဂ္ဂိုလ်ကပင် အဖေနှဲ့အား ပါရမီရှင်ကြီး၏ သားနှင့် တွေ့ခွင့်ပြုပါရန် တောင်းပန်ကြောင်း လျှောက်ထားရာ အဖေနှဲ့က မည်သို့သော အကြောင်းရှိသည်ကို မပြောဘဲ ဦးသိပ္ပက ကျွန်တော်နှင့် တွေ့ဆုံခွင့် တောင်းခြင်းကို ပယ်ချလိုက်ကြောင်း ကြားသိရပါသည်။

ဂန္ဓာရီပုဂ္ဂိုလ်တို့၏ လုပ်ဆောင်၍ စကားသုံးမျိုးမှာ 'စားစရာမရှိလျှင် ရေသောက်၊ သွားစရာမရှိလျှင် လမ်းလျှောက်' မောလျှင် လမ်းဘေးမှာ နားနေပါ' ဟူသတတ်။

ဂန္ဓာရီစခန်းထွက်၍ ခရီးစရိတ်ကို သူ့ကုသိုလ်ကံအတိုင်း ရစရာမရှိလျှင် ရပေမည်။ အလှူဒါယကာပေါ်လျှင် အလှူခံ၍ ခရီးစရိတ်ငွေဖြစ်သည်။ ဆိုင်ရာဆရာသမားများက ခရီးထွက်ခိုင်း၍ စရိတ်မရှိကြောင်း အကြောင်းပြန်ရှောင်ရှားမနေရ။ ခရီးစရိတ်တစ်ပြားတစ်ချပ်မှ မရှိခဲ့လျှင် ခြေကျင်ခရီး ထွက်ရမည်။ အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ ဆေးဝါးတို့ ထည့်ထားသည့် လွယ်အိတ်တစ်လုံးနှင့် တောင်ဝှေးတစ်ချောင်းသာ အဖော်ပါရမည်။

ခရီးလမ်းတစ်လျှောက်တွင် ကျွေးမွေးလှူဒါန်းမည့်သူ မရှိခဲ့လျှင် နီးစပ်ရာ လမ်းပေါ်မှ ရေအိုးစင်မှ ရေသောက်ပြီး အဆာပြေစေရမည်။

ခရီးသွားခဲ့ပြီး များစွာမောပန်းလျှင် လမ်းဘေးချောင်ကျကျတွင် ခပ်ကုပ်ကုပ်အနားယူပါ။ လမ်းပေါ်မှာ အခန့်သားထိုင်ပြီး အနားယူခဲ့လျှင် မော်တော်ကား၊ ရထားတို့ နင်းလိမ့်မည်။

စသည့် ဂန္ဓာရီပုဂ္ဂိုလ်တို့၏ လက်သုံးစကား ဖြစ်ပါသည်။

ဂန္ဓာရီတော်တော်များများကို တွေ့ရဖူးသည်။ တကယ့်ခရီးရှည်သမားများသာ ဖြစ်ကြ၏။ မန္တလေးမှ ဂန္ဓာရီပုဂ္ဂိုလ်သည် မြိတ်–ထားဝယ်သို့ ခရီးထွက်ရပေသည်။ တစ်ခါက စမတောင်ပေါ်၌ မန္တလေးမှ မော်တော်ယာဉ် အသင်းကြီး၏ အရေးပါသော ငွေကြေးပြည့်စုံသော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် အဝတ်နက်ကြီးများဝတ်ပြီး အိတ်ကြီးတစ်လုံး ထမ်းကာ ညအချိန် အရပ်ထဲ၌ ထမင်းဟင်းနှင့် ပိုက်ဆံများ အလှူခံပြီး ဂန္ဓာရီထွက်ရင်း စ မ တောင်ပေါ်သို့ဝင်၍ အလုပ်လုပ်သွားကြောင်းကို ကိုယ်တိုင် တွေ့ရှိလိုက်ရပေ၏။

သိဒ္ဓိဆယ်ပါးလိုချင်လျှင် အတိုင်းအဆမရှိစတမ်း အစမ်းအသပ်ခံရပေမည်။ အနှစ်နာခံရပေမည်။ ဝဋ်ကြွေးဟောင်းတွေ ချေရ ဆပ်ရပေမည်။ အရိုးပေါ်အရေတင်နေအောင်
mgyoe.com

mgyoe.com

အငတ်အပြတ်ခံ၍ ကျင့်ရပေမည်။ ဒီကြားက စိတ်မထင်သော လူများ၊ အမှုးသမားများ၊ အရမ်းသမားများနှင့် တွေ့ဆုံမိပါက ရက်ရက်စက်စက် အရိုက်နှက်ခံရပေမည်။ မသက်ကာသဖြင့် ထောင်၏အချုပ်ထဲသို့ မကြာခဏ အလည်အပတ်ရောက်ရပေမည်။

ထို့ထက် အဆမတန် မနိုင်းသာအောင် မြင့်မားသောဘဝချုပ်ငြိမ်းရာ နိဗ္ဗာန်ဆုကို လိုခဲ့လျှင် မည်ကဲ့သို့ ကျင့်ရမည်၊ မည်သို့ ဝီရိယထားရမည်၊ မည်သို့ခံရမည်ကို စာဖတ်သူများ နှိုင်းစာချင့်ချိန်တတ်ကြပါစေ။

တစ်ချိန်တွင် ဆရာကြီး ဦးဘရိ၏ဇနီး ဒေါ်တိုးရီသည် စမ်းချောင်းတွင် မထင်မရှားသော ပုဂ္ဂိုလ်တစ်ဦးနှင့် ဆုံမိကြသည်။ ထိုပုဂ္ဂိုလ်သည် စကားအမျိုးမျိုးပြော၍ ဘေးက သာမန်လူတွေကြည့်လျှင် စိတ်နောက်နေသူဟူ၍ စွပ်စွဲနေကြသည်။ ထိုပုဂ္ဂိုလ်သည် ပထမ ပုဂ္ဂိုလ်ဖြစ်၍ မင်းသားကြီး ဦးအောင်၊ အောင်မင်းခေါင်၊ ရှင်မထီး စသော အတွင်းဓာတ်အမျိုးမျိုးရှိ၍ အတွင်းပုဂ္ဂိုလ်တစ်ပါး ဓာတ်ဝင်လာလျှင် ထိုပုဂ္ဂိုလ်၏ အရင်းခံအတိုင်းပြောဆိုခဲ့ရာ ထိုပုဂ္ဂိုလ်၏လေသံမှာ အတွင်းဓာတ် အပြောင်းအလွဲ အတိုင်း အမျိုးမျိုးလေသံ ထွက်နေသဖြင့် ဘေးလူနားမလည်သော၊ အတွင်းသဘောမသိသော သူများက အရူးဟူ၍ သမုတ်ကြသည်။

ဒေါ်တိုးရီ လှူဒါန်းသော အာဟာရများကို လက်ခံစားသောက်ရင်း ထိုပထမံ ပုဂ္ဂိုလ်က–

"ဟဲ့... သမီး၊ နင်နဲ့ငါ့ကို ဘေးလူတွေကကြည့်ပြီး အရူးတွေလို့ ပြောနေကြတယ်။ ထင်နေကြတယ်။ သူတို့က ငါ့ကို အရူးထင်နေကြတာကိုး။ တကယ်တော့ကွယ် တစ်မင်တစ်ဖိုလ်မရသေး မဆိုက်သေးတဲ့ ပုထုဇဉ် မှန်သမျှဟာ တကယ့်အရူးတွေပါပဲ။

"ဒါပေမဲ့ အဘနဲ့ငါ့သမီးက သူတို့နဲ့စာရင် အရူးနည်းနည်းပေါ့တယ်။ မင်းတို့ငါတို့ဟာ ဗုဒ္ဓဘာသာ ထွန်းကားရေးအလို့ငှာ သဒ္ဓါအရင်းခံပြီး သဒ္ဓါကျူးပြီး သဒ္ဓါရူးတွေပေါ့။ ရှင်းရဲ့လား သမီး။

• "သူတို့ကိုကြည့်လိုက်ကြစမ်း၊ ဝယ်ဖို့စားဖို့၊ ရာထူးတက်ဖို့၊ ရာထူးတည်မြဲဖို့၊ အာဏာတည်မြဲဖို့၊ မိန်းမအတွက် ခယ်မအတွက်နဲ့ တဏှာတွေနဲ့ ရင်းပြီး တဏှာရူးတွေပါ။ ရှင်းရဲ့လားသမီး၊ သူတို့နဲ့စာရင် အဘတို့က သူတို့ထက် အရူးသာတယ်။ တို့က သဒ္ဓါရူးတွေကိုး"

အားရပါးရ အရူးနှစ်မျိုးအကြောင်းတို့ ရှင်းလင်းဆုံးမ ပြောပြလိုက်တော့သည်။

များစွာအရေးကြီးသော အချက်တစ်ခုကို မှာကြားပါရစေ စာဖတ်ပရိသတ်များ ခင်ဗျား။

mgyoe.com